# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 4 August 2025 ၁၁၈၉၉


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ယနေ့ ဖတ်စရာ

မွန်ပြည်နယ်အတွင်း လေဘေးသင့်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူများအား အလှူငွေနှင့် ပစ္စည်းများပေးအပ် စာမျက်နှာ » ၈

ပိုမိုသာလွန်ကောင်းမွန်သည့် အောင်မြင်မှုများကို ဆောင်ယူပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ကြမည် ဆောင်းပါး စာမျက်နှာ » ၇

ဝါခေါင်လ မေတ္တာအခါတော်နေ့နှင့် စာရေးတံမဲပွဲ ဆောင်းပါး စာမျက်နှာ » ၁၁

နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ စာမျက်နှာ » ၁၂

ကြေးမုံ

# ပညာရေးသည် အနာဂတ်မျှော်လင့်ချက် ပညာဖြင့်သာ နိုင်ငံတည်ဆောက်နိုင်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နောင်ချိုဒေသ၌ တိုက်ပွဲများမရှိတော့သည့်အခါ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားရာ တိုက်တွန်းချက်နှင့်အညီ နောင်ချိုဒေသတစ်ခုလုံးကို တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးသည်နှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအားလုံးကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကျောင်းသားကျောင်းသူလေးများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာဒေသအချို့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားမှုကြောင့် ဒေသခံပြည်သူများ ဒုက္ခဆင်းရဲရောက်ကြရသလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်အဘက်ဘက်တွင်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ကြရသည်။ အကြမ်းဖက်သောင်းကျန်းသူများက စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများကို ဖျက်ဆီးခြင်း၊ အသုံးချခြင်းတို့ပြုလုပ်ခြင်းကြောင့် ကလေးသူငယ်များ ပညာရေးဆုံးရှုံးရသလို ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ပျက်စီးကြရသည်။ ပညာရေးနှင့် ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးအောင် နှောင့်ယှက်နေကြသူများသည် ပြည်သူလူထု၏ အနာဂတ်ဘဝများကို အသိမဲ့စွာ ရိုက်ချိုးဖျက်ဆီးနေခြင်းသာဖြစ်သည်။

ထို့ကြောင့် တပ်မတော်နှင့်အတူလက်တွဲ၍ ပြည်သူလူထု၏အနာဂတ် ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ဖျက်နှိမ်နင်းကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့်လူထု၏ အနာဂတ်ကို ကောင်းမွန်အောင်တည်ဆောက်ရာတွင် ပညာရေးသည် အရေးအကြီးဆုံးကဏ္ဍဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အလေးထားဆောင်ရွက်ပေးနေသလို နောင်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း ပညာရေးကို အားပေးစေရန် တိုက်တွန်းလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအလယ်တွင် နောက်ကျကျန်ရစ်ခဲ့သည့် အကြောင်းရင်းများတွင် ပညာရေးအားနည်းမှုသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်သည်။

ယခုအခါ တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသော မြို့ရွာဒေသများကို ပြန်လည်ထိန်းချုပ်လျက်ရှိရာ ဒေသခံပြည်သူများ၏ အနာဂတ်မှာ ပြန်လည်လင်းလက်လာပြီဖြစ်သည်။ သို့သော် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့ရှိ စာသင်ကျောင်းများအနေဖြင့် သောင်းကျန်းသူများကြောင့် ကျောင်းဖွင့်နိုင်ခြင်းမရှိသေးသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ဒေသများရှိပြည်သူများမှာ ဆင်းရဲဒုက္ခအမျိုးမျိုးရောက်လျက်ရှိပြီး အထူးသဖြင့် ကလေးငယ်များ ပညာသင်ကြားခွင့်မရဘဲ အနာဂတ်ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

ထို့ကြောင့် လုံခြုံရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုသလို ပညာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရန်လိုသည်။ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးအားနည်းနေခြင်းသည် စီးပွားရေးကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် လူသားအရင်းအမြစ်နည်းပါးနေသောကြောင့်ဖြစ်သည်။ နိုင်ငံကြီးသည်၊ ငယ်သည်ဖြစ်စေ အသိဉာဏ်ပညာနှင့်အတတ်ပညာကျွမ်းကျင်သူများ ပေါ်များကြွယ်ဝခြင်းသည် ထိုနိုင်ငံ၏ဖွံ့ဖြိုးရေး၊ ကြီးပွားရေး၏ အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်နိုင်သည်။ အတတ်ပညာ၊ အသိဉာဏ်ပညာများသည် အတန်းပညာကို အခြေခံတည်ဆောက်ထားသည်ဖြစ်၍ နိုင်ငံတော်က ပညာရေးကို မဖြစ်မနေ အားပေးမြှင့်တင် ဆောင်ရွက်ပေးနေသည်။

ပညာရည်မြင့်မားမှုအချိုးတွင် ဆရာအရေအတွက်ထက် ကျောင်းသားအရေအတွက် အဆများစွာပိုရမည်ဖြစ်သော်လည်း မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် လေ့လာသုံးသပ်ချက်အရ တက္ကသိုလ်၊ ကောလိပ်များတွင် ဆရာ ဆရာမ ခန့်ထားတာဝန်ပေးထားမှုနှင့်နှိုင်းယှဉ်လျှင် တက်ရောက်သည့် ကျောင်းသားအရေအတွက်နည်းပါးနေသည်ကို တွေ့ရသဖြင့် နိုင်ငံတော်အတွက် နစ်နာမှုများစွာရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေအချိုးအစားနှင့် နှိုင်းယှဉ်လျှင် ကျောင်းတက်ရောက်နိုင်သည့် အချိုးအစားနည်းပါးနေသည်ကို တွေ့ရသည်။ အကြောင်းရင်းသည် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းသာယာဝပြောခြင်းနှင့် အဓိကသက်ဆိုင်သည်ဟု ဆိုရမည်။ ရပ်ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်းနှင့် ဆင်းရဲမွဲတေမှုသည် ပညာရေးအတွက် အနှုတ်လက္ခဏာများဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရေးအတွက် တိုင်းပြည်စီးပွားရေးကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကောင်းမွန်လာစေရေးအတွက် အသိပညာ၊ အတတ်ပညာ မြင့်မားကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ နိုင်ငံ၏ လူဦးရေအချိုးနှင့်အညီ မွေးထုတ်ပေးနိုင်ရန် သက်ဆိုင်ရာတို့နှင့်အတူ နိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ဝတ္ထုရှည် တတိယဆုရရှိသည့် စာရေးဆရာ နေစိုးသော်၏ "စိတ်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းစာအုပ်တွင် မိဘနှစ်ပါးမရှိတော့သည့် ငါးနှစ်အရွယ်ကလေးဘဝမှာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာပြီး ကိုရင်ဘဝဖြင့် ၁၃ နှစ် ဝါဆိုခဲ့သူ ကိုရင်လေးနန္ဒ၊ အသက် ၂၀ ပြည့်ပြီမို့ ရဟန်းဘောင်သို့ တက်ပေးရန် စီစဉ်နေဆဲမှာပင် ကိုရင်ဘဝမှ လူဝတ်ကြောင်ဘဝသို့ ထိန်လင်းအမည်ဖြင့် ကူးပြောင်းပြီး လူမှုရေးနယ်ပယ်ထဲရောက်သွားပုံ၊ ကာမတဏှာလောကမာယာထဲမှာ ခဏတာသာယာကြည်နူးပျော်မြူးနေခဲ့ရာမှ မာယာကျော့ကွင်းအတွင်း သက်ဆင်းသွားခဲ့ရပုံ၊ အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ်တွင် ကယ်တင်ရှင်နှင့်တွေ့ဆုံပြီး သေဘေးမှ လွတ်မြောက်၊ သံဝေဂနောင်တ အသိတရားရလာကာ သာသနာ့ဘောင်သို့ ဦးပဉ္စင်းဘဝနှင့် ပြန်လည်ရောက်ရှိသွားပုံ၊ လူကိုစိုးမိုးအုပ်ချုပ်သူမှာ စိတ်ဖြစ်ကြောင်း၊ ကာမဂုဏ်စည်းစိမ်ချမ်းသာတို့သည် သံသရာတစ်ဖက်ကမ်းသို့ရောက်အောင် အားထုတ်ခြင်းမရှိသူ လူမိုက်ကို ပျက်စီးစေတတ်ကုန်၏။ လူသည် မိမိကိုယ်ကို ချုပ်တည်းနိုင်မှသာလျှင် အလင်းရောင်ကို ရနိုင်သည်။ စိတ်နှလုံးသည် အလင်းရောင် တည်ရှိရာဌာန။ ထိုစိတ်သည်သာ အခရာဖြစ်ကြောင်း လျှို့ဝှက်သည်းဖိုဆန်ဆန် ပုံဖော်ခြယ်မှုန်းထားသည်။

ထို့ပြင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ လှုံ့ဆော်ထားပြီး အရာရာတွင် စိတ်သာလျှင် အဓိကကျကြောင်း ညွှန်းဆိုရေးသားထားရာ အရေးအသားပြေပြစ်ချောမွေ့သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ၃ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

## ✪ ရှေ့ဖုံးမှ
## ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဖြစ်စေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း၊ ဘုရားဖူးလာ မိဘပြည်သူများ နေပူဒဏ်သက်သာစွာဖြင့် ဘုရားဖူးမြော်ကြည်ညို တော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင် ပစ္စည်းများကို ကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးအတွင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဌေ့သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

### ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ်ဆောင်ရွက်ရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ သို့ ✪

ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီးသို့ ရောက်ရှိ ဖူးမြော်ကြပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဆုတောင်းပြည့် ဘီလူးရန်နိုင်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး တာဝန်ရှိသူများကို စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ် နိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက စေတီတော် ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြား ခင်းကျင်း ကပ်လှူ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေဝင်ရေထွက် နေရာများ စနစ်တကျပါရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အမြန်ဆုံးပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားပြီး ဘုရားဖူးလာ မိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရွှေမော်ဓော စေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။

❂ စာမျက်နှာ ၃ မှ

**ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်မွမ်းမံထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်အတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးမြေထိန်းနံရံများနှင့်လမ်းများ ပြန်လည်ပြုပြင်လျက်ရှိ



နေပြည်တော် ဩဂုတ် ၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးမြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေစီးရေလာကောင်းမွန်အောင် စနစ်တကျပြုပြင်ရေးနှင့် မြေယာရှုခင်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုမုဒြာကြာပန်းဝိုင်းအနီး လမ်းပိုင်းနှင့် ရာဇသင်္ဂဟအိမ်ရာအနီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရာသီဥတုကောင်းမွန်ချိန်တွင် လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းသုံးကျောက်များအား သတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်ပါသည်။ **မိုး/ဇလ**

# ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ

ညောင်ဦး ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ်သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဩဂုတ် ၂ ရက်တွင် ပုဂံမြို့ဟောင်း အာနန္ဒာဘုရားတောင်ဘက်လမ်းဆုံတွင် စုရပ်ပြုလုပ်၍ အနော်ရထာလမ်းမှ စူဠာမဏိဘုရားအထိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေ ရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ပုဂံမြို့ဟောင်း အာနန္ဒာဘုရားတောင်ဘက်လမ်းဆုံ၌ စုရပ်ပြုလုပ်၍ အနော်ရထာလမ်းမှ ဓမ္မရံကြီးဘုရားကားရပ်နားကွင်း၊ စူဠာမဏိဘုရားအထိ လမ်းဘေး(ဝဲ၊ ယာ)တစ်လျှောက် စွန့်ပစ်ပလတ်စတစ် အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသူများအား စေတနာရှင် အလှူရှင်များက နံနက်စာ ကောက်ညှင်းပေါင်း၊ အကြော်၊ သောက်ရေသန့်၊ Royal-D အားဖြည့်အချိုရည်ဘူးများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည်ယနေ့တွင် ဇနီးဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင် ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော် အတွင်း ယခင်မြေနန်းပြာသာဒ် ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်လုံးကြီးများ ပြသထား ရှိမှု၊ ရှေးခေတ်မြန်မာမင်းတို့၏ ကန်တော့ခံအခမ်းအနားပုံစံအား ရေးဆွဲပြသထားရှိမှု၊ အနော်ရထာ မင်းတရားကြီး၏ သီရိဇေယျာဘူမိ ရွှေနန်းတော်(ပုဂံခေတ်)၊ ဘုရင့် နောင်မင်းတရားကြီး၏ ကမ္ဘောဇ သာဒီရွှေနန်းတော် (ဟံသာဝတီ ခေတ်)၊ အလောင်းမင်းတရားကြီး ၏ ရွှေဘုံရတနာမင်္ဂလာရွှေနန်း တော်(ကုန်းဘောင်ခေတ်)၊ မင်းတုန်း မင်းတရားကြီး၏ မြနန်းစံကျော် ရွှေနန်းတော် (ရတနာပုံခေတ်) စသည့် နန်းတော်ကြီးများအား နဂိုမူလပုံစံအတိုင်း တည်ဆောက် ပြုပြင်ထိန်းသိမ်းထားရှိမှု မှတ်တမ်း ဓာတ်ပုံများ၊ ကမ္ဘောဇသာဒီရွှေနန်း တော်အား ပြန်လည်ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရှေးဘုရင် များ အသုံးပြုခဲ့သည့် အသုံး အဆောင်ပစ္စည်းများ ပြသထား ရှိမှု၊

စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။



ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟံသာဝတီမြို့ဟောင်း ကျုံးအား ကြည့်ရှုစစ်ဆေးစဉ်။

❍ စာမျက်နှာ ၅ မှ
မြေနန်း ပြာသာဒ်တော်ကြီး ထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်အား ပြန်လည်ဖော်ထုတ်ခြင်း မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှု စသည့်ပြခန်း အသီးသီးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး အတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများ၊ ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်း အထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ် စနစ်တကျဖြင့် တန်ဖိုးထား လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း၊ ဓာတ်ပုံများ၊ ပန်းချီများကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ကြည်လင်ပြတ်သားမှုနှင့် ဓာတ်ပုံအရည်အသွေးကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးမြန်မာမင်းတို့ လက်ထက် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ အနုသုခုမပညာရပ်များ၊ ဘုရင့်နန်းတော်ကြီးများ၏ ကြီးကျယ်ခမ်းနားစွာဖြင့် တည်ဆောက် ထားရှိမှုများနှင့် ဩဇာတိက္ကမကြီးမား ကျယ်ပြန့်ခဲ့မှုများကို ပုံပေါ်အောင်ခင်းကျင်း ပြသထိန်းသိမ်းသွားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး အတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ်ထိန်းသိမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အလားတူ ဟံသာဝတီမြို့တော်ဟောင်းနေရာအား ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဟံသာဝတီမြို့ဟောင်း၊ ကမ္ဘောဇသာဒီနန်းတော်၏ ကျုံးကိုလည်း တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင်ကသော ရထားတော်ကြီး မူလအရွယ်အစား ပုံစံတူပြဆောင်အား ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဟံသာဝတီမြို့ရိုးရှိ သိန္နီတံခါးနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပဲခူးမြို့၊ ဟံသာဝတီမြို့ဟောင်း၊ ကျုံး၊ မြို့ရိုးနှင့်မြို့တံခါးများဆိုင်ရာ အချက်အလက်များနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ရှေးဟောင်းသမိုင်းဝင် အထင်ကရအမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဟံသာဝတီမြို့ဟောင်း မြို့ရိုးတစ်လျှောက်တွင် ရှေးယခင်ကတည်းက ရှိပြီးဖြစ်သည့် ရှေးဟောင်းကျုံးနေရာများအား ပြန်လည်တူးဖော်ထိန်းသိမ်းသွားရန်လိုကြောင်း၊ သိန္နီတံခါးရှိတံတားကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူလက်ရာများအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်သွားရန် လိုကြောင်း၊ ကျုံးဘေးဝန်းကျင်၌ ပြည်သူများ အေးချမ်းစွာဖြင့် အနားယူအပန်းဖြေရန်နေရာများ၊ ကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်သည့်နေရာများကို ဆောင်ရွက်ပေးသွားရန်လိုသကဲ့သို့ ကျုံးဘေး၌ မျက်စိပသာဒ ဖြစ်စေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဟံသာဝတီမြို့ရိုး၊ ကျုံးဘေးတစ်လျှောက်နှင့် ပဲခူးမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပဲခူးမြို့အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ပဲခူးမြစ်အား ကျောက်စီနံရံများ ပြုလုပ်၍ ရေစီးဆင်းမှုများ ကောင်းမွန်စေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃)ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီဒေသ၌ အကျယ်အဝန်း ၃၄၀၀ စတုရန်းမီတာရှိကာ မြို့ရိုးပတ်လည် တစ်ဖက်တစ်ချက်စီတွင် မြို့တံခါးငါးပေါက်ပါရှိပြီး စုစုပေါင်း မြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့်ကြီးကျယ်ခမ်းနားသည့် နန်းတော်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး “ကမ္ဘောဇသာဒီ” ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(အေဒီ ၁၅၈၁ ခုနှစ်) သက်တော် ၆၆ နှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော်နန္ဒဘုရင် လက်ထက်တွင် ဟံသာဝတီမြို့ပျက်စီးခဲ့ရကာ “ကမ္ဘောဇ သာဒီ” နန်းတော်ကြီးမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက်အစီးများအောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည့် “ကမ္ဘောဇသာဒီ”နန်းတော်ကြီးကိုရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်အထိ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေနန်းပြာသာဒ်ဆောင်နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စတင်သုတေသနပြုတူးဖော်ခဲ့ရာ မြေနန်းပြာသာဒ်ဆောင်၊ စနုဆောင်၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါနေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင်များတွင် ပေးပို့ဆက်သသူများ၏ အမည်များကိုရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး၏ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနုဆောင်တို့ကို ပုံစံတူပြန်လည်တည်ဆောက်ရေးအတွက် တူးဖော်တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်းအထောက်အထားများနှင့်ညှိနှိုင်း၍ ပုံစံတူ ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင်ကသော ရထားတော်ကြီး မူလအရွယ်အစား ပုံစံတူပြဆောင်အား ကြည့်ရှုစစ်ဆေးစဉ်။

**✻ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများ၊ ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်းအထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင်ဖြစ်**

**✻ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ် စနစ်တကျဖြင့် တန်ဖိုးထား လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်**

# ပိုမိုသာလွန်ကောင်းမွန်သည့် အောင်မြင်မှုများကိုဆောင်ယူပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ကြမည်

ကိုရင်မောင်

အားကစားနည်းအမျိုးမျိုးတွင် မြန်မာပရိသတ်များ အမျှော်လင့်ဆုံး၊ အနှစ်သက်ဆုံး အားကစားနည်းမှာ ဘောလုံးအားကစားနည်းဖြစ်သည်။ တစ်ချိန်သော ကာလက ပြည်နယ်နှင့် တိုင်း ဘောလုံးအားကစားပြိုင်ပွဲနှင့် ကျွန်းဆွယ်၊ ဆီးဂိမ်း၊ အာရှအားကစားပြိုင်ပွဲများတွင် တိုင်းနှင့် ပြည်နယ်လက်ရွေးစင်၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ ယှဉ်ပြိုင်ကစားခဲ့ကြပုံများကို ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်အားပေးခဲ့ကြသည်။ တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး၊ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဘဝင်ထိတိုင် ဆူညံသံများဖြင့် အားပေးခဲ့ကြသည်များကို ယနေ့ထက်တိုင်အောင် သတိရနေဆဲဖြစ်သည်။



၂၀၂၃ ခုနှစ် မေလက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာအမျိုးသမီး ကွင်းသွင်း ခြင်းခတ်အသင်း အောင်ပွဲခံနေစဉ်။

## မျိုးချစ်စိတ်ဓာတ်ရှင်သန်

မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ရေကုန်ရေခန်း အနိုင်မခံအရှုံးမပေးသည့် ပြောင်မြောက်သော ကစားပုံ၊ ကစားကွက်များမှာ ပရိသတ်အားလုံး၏ နှလုံးသားများကို စွဲငြိစေခဲ့သည်။ ရွှေတွဲလဲ၊ ငွေတွဲလဲနှင့် အောင်ပွဲမှ ပြန်လာကြသော မြန်မာ့လက်ရွေးစင်အားကစားသမားများကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသော မြင်ကွင်းများမှာလည်း ယနေ့ထက်တိုင် မမေ့ပျောက်နိုင်သေးဘဲ ရှိသည်။ အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသင်းများအပေါ် မြန်မာအားကစားပရိသတ်ထားရှိသည့် ယုံကြည်ကိုးစားမှု၊ ကျေနပ်နှစ်သက်မှု၊ ချစ်ခင်မြတ်နိုးမှုများမှာ လျော့နည်းသွားခြင်းမရှိပေ။ မြန်မာနိုင်ရမည်ဆိုသည့် အားကစားစိတ်ဓာတ်များ မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲတွင်ကိန်းအောင်းနေဆဲ၊ အားကစားမှ ဖြစ်ပေါ်လာသော မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်နေဆဲ။

ပြီးခဲ့သည့် ဇူလိုင်လတတိယပတ်က အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အာဆီယံ ယူ - ၂၃ ချန်ပီယံရှစ်ပြိုင်ပွဲများကို မြန်မာအားကစားပရိသတ် စိတ်ဝင်တစား အားပေးကြည့်ရှုခဲ့ကြသည်။ ဇူလိုင်လ ၂၂ ရက်နေ့ အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိ သရေပွဲကျခဲ့သည်။ အာဆီယံနိုင်ငံများတွင် အစဉ်အလာရှိသည့် ထိပ်တန်းထိုင်းအသင်းကို သရေကစားနိုင်သဖြင့် ကျေနပ်မိသည်။ သို့သော် အုပ်စုပထမပြိုင်ပွဲတွင် တီမောအသင်းကို မထင်မှတ်ဘဲ၊ မမျှော်လင့်ဘဲ သရေကစားခဲ့သည်ကိုမူ မြန်မာပရိသတ်များ မကျေမချမ်းဖြစ်ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို တီမောအသင်းနှင့် ယှဉ်ပြိုင်ရာတွင် အထင်အရှား တွေ့ရသည်။ အနိုင်ရလျှင် တစ်နိုင်ငံလုံးပျော်မည်။ ရှုံးနိမ့်လျှင် ကြိတ်မနိုင်ခဲမရဖြစ်ကြသည်။

## ပရိသတ်များမျှော်လင့်လျက်

ယခုကာလတွင် ယှဉ်ပြိုင်ကစားကြသော ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲများ၏ အနိုင်/အရှုံးရလဒ်များသည် နှစ်ကုန်တွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အကြိုခြေလှမ်းများဟု ဆိုနိုင်သည်။ အတိတ်တစ်ချိန်က ရွှေရောင်လွှမ်းခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားဂုဏ်သည် အားကစားသမိုင်းတွင် ကမ္ပည်းမော်ကွန်းရေးထိုးထားသည်။ ခေတ်ကာလ ရွေ့လျောလာသည့်အလျောက် မြန်မာ့အားကစား ရွှေရောင်များမှာ မှေးမှိန်လာခဲ့ပြီး မျက်မှောက်ကာလတွင်မူ အားကစားအဆင့်အတန်းမှာ ပြန်လည်ဦးမော့လာသည်ဟု ဆိုနိုင်သည်။ အတိတ်က ရွှေရောင်အိပ်မက်များကို မမေ့နိုင်သေးသလို အနာဂတ်အတွက် ရွှေရောင်အိပ်မက်များကိုလည်း ပရိသတ်အားလုံး မျှော်လင့်လျက်ရှိသည်။

၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး စုစုပေါင်း မြန်မာအားကစားအဖွဲ့ဝင် ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်း ဆုတံဆိပ် ၁၁၄ ခု နိုင်ငံ့ဂုဏ်ဆောင်ရယူပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၁ ခုနှစ် နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများသို့ ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲများတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် အများဆုံး ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များ၏ ထူးခြားသော စွမ်းဆောင်မှုများကို တွေ့ရမည်ဖြစ်သည်။

> မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ အားကစားသမားပါဝင်မှု အချိုးအစားကိုကြည့်လျှင် အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအားလုံး၏ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် အားကစားနည်းစနစ်အစုံအလင်နှင့် ပြိုင်ပွဲဝင်အားကစားသမားအပြည့်အစုံ ပါဝင်ယှဉ်ပြိုင်ကြသည့် အခြားနိုင်ငံများကြားတွင် အားကစားနည်း ၁၉ နည်းနှင့် ပြိုင်ပွဲဝင် ၃၄၁ ဦး ဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း အားကစားနည်းအရ ဆုတံဆိပ်ရရှိမှုတွင် မြန်မာနိုင်ငံက မြင့်မားနေသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်

## ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့

ပါဝင်ယှဉ်ပြိုင်နိုင်မှုအင်အားတွင် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှ အားကစားသမား ၆၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အိမ်ရှင်ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် ပြိုင်ပွဲဝင် ၈၀၀ ကျော်စီ ပါဝင်သည့် အများဆုံးအင်အားဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဗီယက်နမ်က အင်အား ၇၀၀ ကျော်၊ မလေးရှားက အင်အား ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအိုနှင့် စင်ကာပူနိုင်ငံတို့က အင်အား ၅၀၀ ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်မှု အခြေအနေကိုကြည့်လျှင် စုစုပေါင်းထည့်သွင်းကျင်းပသည့် အားကစားနည်း ၃၆ နည်းတွင် အိမ်ရှင်ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့က အားကစားနည်းအားလုံး ရာနှုန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူငါးနိုင်ငံက အားကစားနည်း ၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ရှိသည်ဟု သိရသည်။ အားကစားသမားပါဝင်မှု အချိုးအစားကိုကြည့်လျှင် အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအားလုံး၏ ၅ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရသည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် အားကစားနည်းစနစ်အစုံအလင်နှင့် ပြိုင်ပွဲဝင်အားကစားသမားအပြည့်အစုံ ပါဝင်ယှဉ်ပြိုင်ကြသည့် အခြားနိုင်ငံများကြားတွင် အားကစားနည်း ၁၉ နည်းနှင့် ပြိုင်ပွဲဝင် ၃၄၁ ဦး ဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း အားကစားနည်းအရ ဆုတံဆိပ်ရရှိမှုတွင် မြန်မာနိုင်ငံက မြင့်မားနေသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

## အောင်မြင်မှုမြင့်မား

ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှု ရာခိုင်နှုန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇)ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉)ကြိမ်မြောက် ပြိုင်ပွဲ၌ ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ အကြိမ် (၃၀) မြောက်ပြိုင်ပွဲ၌ ၇ ဒသမ ၆၆ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိရရှိခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မြန်မာ့အားကစား အောင်မြင်မှုများ မြင့်မားတိုးတက်လာသည်ကိုတွေ့ရသည်။

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၅၃ နည်း ထည့်သွင်းကျင်းပသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုအခါ အားကစားနည်းအလိုက် ပွဲမဝင်မီ ပြင်ဆင်လေ့ကျင့်နေကြသည်ကိုတွေ့ရသည်။ (၃၃) ကြိမ်မြောက်ပြိုင်ပွဲတွင်ပါဝင်မည့် အားကစားနည်းအမျိုးအစား များလာသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းများအလိုက် တိုးတက်ယှဉ်ပြိုင်လာသည်ကို တွေ့နိုင်သည်။

## စံချိန်သစ်ပေါ်ထွက်နိုင်

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပွဲမဝင်မီကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်က နေပြည်တော်တွင် တခမ်းတနားကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲမှတစ်ဆင့် အစပျိုးလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည့် အားကစားပွဲတော်ကြီးတွင် အားကစားသမားပေါင်း ၁၂၀၀၀ ခန့်နှင့်အားကစားနည်း ၂၃ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်းမှစတင်သည်။ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ အလေးမ၊ ရေကူး၊ ကြက်တောင်၊ ဘီလိယက်နှင့်စနူကာ၊ ကာယဗလ၊ ဂျူဒို၊ ကရာတေး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ လက်ဝှေ့ စသည့် အားကစားနည်းများသည် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး စံချိန်သစ်တင်နိုင်သော အားကစားနည်းများဖြစ်သည်။

စာမျက်နှာ ၈ သို့ ❍

# မွန်ပြည်နယ်အတွင်း လေဘေးသင့်ပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်




မော်လမြိုင် ဩဂုတ် ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ကဒုံစီးတိုက်ကျောင်း ပညာဓိကဗိမာန်၌ ကျင်းပသည့် ပေါင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်ခြင်းနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တနာဂဒီပနှင့် ဆရာတော်ကြီးများအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပေါင်မြို့နယ် လေဘေးသင့်ပြည်သူများအတွက် ကျိုက်ထီးဆောင်းဆရာတော်ကြီး လှူဒါန်းသော လှူဒါန်းပစ္စည်းတန်ဖိုးငွေကျပ် ၆၅၉၃၄၀၀၀ နှင့် သိန်း ၃၀၀ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၂၅၉၃၄၀၀၀ ကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဦးလှထွန်း (ကိုလှထွန်းငရုတ်သီးမှုန့်လုပ်ငန်းမိသားစု)က လှူဒါန်းငွေကျပ်သိန်း ၅၀၀နှင့် ဦးတင်လှိုင် (ကျော်ကြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမိသားစု)က လှူဒါန်းငွေကျပ် ၂၄၆ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း လက်ခံရယူသည်။

ယင်းနောက် ပေါင်မြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းပစ္စည်းများနှင့် လုံးဝပျက်စီးနေအိမ် ၁၂၅ လုံးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၅ သန်းနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၁၆၀ အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၄၈ သန်းကို ပေးအပ်ကြပြီး လေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပေါင်မြို့ပေါ် ရပ်ကွက်များအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံအချို့နှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ခန်းမ၌ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် မွန်ပြည်နယ်အတွင်းရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၄၃၀၂ စု၊ လူဦးရေ ၁၉၈၂၁ ဦးအတွက် တစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် သုံးလစာထောက်ပံ့ငွေကျပ် ၁၁၈၉ ဒသမ ၂၆၀ သန်းကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး သိုလှောင်ရုံရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ အလှူပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ပင်းတယမြို့နယ် သိမ်ကုန်းဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်




ပင်းတယ ဩဂုတ် ၃

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ တိုက်စားသဖြင့် မြေပြိုကျခြင်း၊ အဆောက်အအုံများ ပြိုကျခြင်း၊ လမ်း၊ တံတားပျက်စီးမှုနှင့် ပင်းတယမြို့၏ အထင်ကရ ပုန်းတလုတ်ရေကန် ရေမြင့်တက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကံ့ကော်တောဘုန်းတော်ကြီးကျောင်းအတွင်း ရေထွက်နှင့် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူဘုရားရှိ ပျက်စီးသွားသော လေးခန်းတွဲ ဈေးဆိုင်ခန်း ခုနစ်ခန်းကို သွားရောက်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ခန်းများပြင်ဆင်ရန် ဆိုင်ရှင်များအား တစ်ခန်းလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၇၀ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာရှိသိမ်ကုန်းဘုန်းတော်ကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ အခမ်းအနားတွင် ရေဘေးကြောင့် လုံးဝပျက်စီးသွားသောအိမ် ၁၉အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၉၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့်အိမ်လေးအိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၂၁၀ နှင့် ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီကထောက်ပံ့ငွေကျပ် ၇၃၆၅၀၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ ငွေကျပ်သိန်း ၁၅၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆိုလာမီးများကို လည်းကောင်း ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူသည်။

ထို့နောက်ပင်းတယ–ရပ်စောက်သွားလမ်းမကြီးပေါ်ရှိ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသွားသော မိုင်းအင်တံတားကို ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးရန် မှာကြားသည်။

ညနေပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးနှင့်ပတ်သက်၍ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ဘိလပ်မြေအိတ် ၁၅၀၀ ကို ပေးအပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကလောခရိုင် အောင်ပန်းမြို့ သာမိုင်ခမ်းဆည် ပြန်လည်ပြုပြင်မည့် နယ်နိမိတ်သတ်မှတ်ထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

○ စာမျက်နှာ ၇ မှ

မြန်မာအားကစားပရိသတ်များ စိတ်ဝင်စားသည့် ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ အတိတ်က ရွှေရောင်အိပ်မက်များကို အမီမလိုက်နိုင်သေးသော်လည်း ၂၀၀၅ ခုနှစ်မှစတင်၍ ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းလာနိုင်သဖြင့် အရှေ့တောင်အာရှ ဘောလုံးလောကတွင် မြန်မာဘောလုံးအသင်းများ၏ ခြေစွမ်းခြေစများမှာ အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီး အသင်းနှစ်သင်းစလုံးအနေဖြင့် အကြိုဗိုလ်လုပွဲများသို့ တက်ရောက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အခြေအနေဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားအသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ကြရပြီး အကြိုဗိုလ်လုပွဲတွင် အာဆီယံ၌ အင်အားအကြီးဆုံး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိခဲ့သည်။

## ဂုဏ်ပြုပေးအပ်ချီးမြှင့်

ထိုသို့ အောင်မြင်မှုများ အဆင့်ဆင့်တက်လှမ်းပြီး မျက်မှောက်ကာလတွင် မြန်မာအားကစားကဏ္ဍ အဆင့်အတန်းတစ်ခုအထိ မြင့်မားတိုးတက်လာခြင်းသည် မြန်မာအားကစားသမားများအားလုံး၏ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ မြင့်မားရေးအတွက် အားကစားဖြင့် ရေကုန်ရေခန်း ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် အောင်စိတ်မြင့်မားမှု ရှိနေကြခြင်းဖြစ်သည်။ ထို့ပြင် အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာအောင် နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးမှုများဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် အမိမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် လွှင့်တင်ပေးနိုင်ခဲ့သဖြင့် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခြင်းများသည်လည်း အထောက်အပံ့ကောင်းများဖြစ်သည်။

သာဓကအားဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အထူးဆုများအဖြစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည့် အမျိုးသားဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် အခြားအားကစားနည်းအလိုက် ရွှေ၊ ငွေ၊ ကြေးတံဆိပ် ဆွတ်ခူးကြသော အားကစားမောင်မယ်များ၊ အသင်းလိုက်၊ အဖွဲ့အလိုက်ပါဝင်သူများ၊ အုပ်ချုပ်သူနည်းပြများပါမကျန် ပါဝင်စွမ်းဆောင်ခဲ့ကြသူအားလုံးကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအလိုက် မြန်မာ့လက်ရွေးစင်အားကစားသမားများအားလုံးက မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပွဲမဝင်မီ အစွမ်းကုန်ကြိုးပမ်း လေ့ကျင့်ပြင်ဆင်နေကြပြီဖြစ်ရာ ပြီးခဲ့သည့်ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတွဲလဲ ငွေတွဲလဲ အောင်ပန်းဆင်နိုင်ခဲ့သည့် အခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် အောင်မြင်မှုများကို သယ်ဆောင်ရယူပေးပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ကြဉ်းပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဩဂုတ် ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co.,Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောင်ရွက်ရန်လို**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် စက်တပ်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အချိန်မီပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် Check List များ ပြုစုဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် ပြည်ပမှတင်သွင်းသည့် အလားတူပစ္စည်းများနှင့် ဈေးကွက်အတွင်း၌ ဈေးနှုန်း၊ အရည်အသွေးများ ယှဉ်ပြိုင် ရောင်းချနိုင်အောင် ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ၍ စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေရရှိရေး၊ ထွက်ရှိလာသည့် သီးနှံများ အခြေခံသည့် လုပ်ငန်းစဉ်များတွင် ဆိုလာများကို အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ဆိုလာများ တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေမှု၊ လျှပ်စစ်သုံးမော်တော်ယာဉ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

New Stellar Energy MM Co.,Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံကို ဇူလိုင် ၂၅ ရက်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်နိုင်ရေး ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက Solar Panel၊ Inverter၊ Battery၊ PV Bracket များကို အရည်အသွေးပြည့်မီအောင် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနှင့် ထိုင်း သတင်းမီဒီယာကောင်စီများ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (Myanmar Press Council ) (MPC)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သည့်အဖွဲ့နှင့် ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီ (National Press Council of Thailand) (NPCT) ဥက္ကဋ္ဌ Mr. Chavarong Limpattamapanee ဦးဆောင်သည့် သတင်းမီဒီယာကောင်စီဝင်များသည် ဩဂုတ် ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေး၍ နှစ်နိုင်ငံသတင်းမီဒီယာကောင်စီတို့အကြား သတင်းမီဒီယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြသည်။

သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးအေးချမ်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးရဲမင်းစိုးတို့ပါဝင်သော အဖွဲ့သည် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ထိုင်းနိုင်ငံရှိ Bangkok Post သတင်းစာတိုက်၊ ထိုင်းနိုင်ငံအမျိုးသားရုပ်မြင်သံကြားထုတ်လွှင့်ရေးဌာန ( National Broadcasting Services of Thailand ) ( NBT) နှင့် မဟာချိုင် Cable TV ရုပ်သံလွှင့်ဌာနများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**TTO**

# ကျောင်းသား ကျောင်းသူများနှင့် စက်ရုံ၊ အလုပ်ရုံမှဝန်ထမ်းများအား ဥပဒေအသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများ ဦးဆောင်သည့် ကျောင်းသားကျောင်းသူများနှင့် ဒဂုံဆိပ်ကမ်းစက်မှုမြို့ စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ ဥပဒေအသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းစက်မှုမြို့ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံဆိပ်ကမ်းစက်မှုမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးကျော်စွာမြင့်က စက်မှုဇုန် သမိုင်းကြောင်းကို ရှင်းလင်း၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်နုနုရီက ဥပဒေပညာရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်တင်ငွေးအိက ဥပဒေအသိပညာ ဆွေးနွေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်တို့က ဥပဒေပညာရပ်ဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်တင်ငွေးအိနှင့် ဆရာမများက လက်ခံရယူကြကာ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ဒဂုံဆိပ်ကမ်းစက်မှုမြို့ စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများအား အစုများဖွဲ့ကာ ဥပဒေအသိပညာပေးအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ဥပဒေအသိပညာပေးဆွေးနွေးပွဲသို့ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ ဖွင့်လှစ်ထားသည့် (Online) LL.M၊ LL.B၊ BA(Law)၊ PGDL၊ DIPL သင်တန်းမှ သင်တန်းသားသင်တန်းသူများနှင့် ပုံမှန်တက်ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့်အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်းဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သတ္တမအကြိမ်မြောက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သတ္တမအကြိမ်မြောက် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန် - ပုသိမ်လမ်း ဝဲဘက်ခြမ်း စုပေါင်းရုံးရှေ့ရှိ မြေဧရိယာ ၂ ဒသမ ၂၅ ဧက၌ ဆောင်ရွက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက မဟော်ဂနီ ၁၂၁၅ ပင်ကို စုပေါင်း စိုက်ပျိုးကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားများဖြင့် အမှိုက်များနှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ဇလားပုံ အုတ်စီရေမြောင်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ တွံတေးမွေးမြူရေးဇုန်တွင် အသားတိုးကြက်၊ အသားတိုးဝက်၊ ဒေသကြက်နှင့် မေထုန်နွား မွေးမြူထားရှိမှု၊ နို့စားနွား၊ အစာစပ် စက်ရုံဆောက်လုပ်နေမှု၊ ဥစားကြက်၊ နို့စားနွားမွေးမြူထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် ၆ ပေါက်တန်း ခြင်းလုံး အမှတ်ပေးဝိုင်းဖွဲ့ခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၁၄ ခရိုင်မှ အကောင်းဆုံး အားကစားသမားများက ၆ ပေါက်တန်း ခြင်းလုံး အမှတ်ပေးဝိုင်းဖွဲ့ခတ် သရုပ်ပြသကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တက်သစ်စ(အမျိုးသမီး)ဆုရရှိသော သဃ်န်းကျွန်းခရိုင်အသင်းမှ မဖြူစင်ဖြိုး၊ တက်သစ်စ(အမျိုးသား)ဆုရရှိသော သန်လျင်ခရိုင်အသင်းမှ မောင်ထက်မြတ်(ခ)Omestan အကောင်းဆုံးဆုရရှိသော ဗိုလ်တထောင်ခရိုင်အသင်းမှ မောင်ဇင်လင်းထက်၊ နှစ်သိမ့်ဆုရရှိသော ဒဂုံမြို့သစ်ခရိုင်အသင်း၊ တတိယဆုရရှိသော မရမ်းကုန်းခရိုင်အသင်း၊ ဒုတိယဆုရရှိသော အင်းစိန်ခရိုင်အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပထမဆုရရှိသော ဗိုလ်တထောင်ခရိုင်အသင်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ပြီး ဒိုင်အဖွဲ့နှင့် ခြင်လုံးသရုပ်ပြကစားခဲ့သည့် တက်သစ်စလူငယ်များအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသမီးလက်ရွေးစင်အဖွဲ့၊ ၁၄ ခရိုင်မှအကောင်းဆုံး အားကစားသမားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ချောင်းဦးမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်

ချောင်းဦး ဩဂုတ် ၃

စစ်ကိုင်းတိုင်း ဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယမန်နေ့ မွန်းလွဲပိုင်းက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူနည်းပညာပေး သင်တန်း ဖွင့်လှစ်သည်။



**ဆွေးနွေးဟောပြော**

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက စပါးစိုက်ပျိုးနည်းစနစ်အလိုက် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အရေးကြီးသည့်အချက်များကိုဆွေးနွေးဟောပြောသည်။

တောင်သူ နည်းပညာပေးသင်တန်းသို့ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူ ၅၀ ခန့်နှင့် ဝန်ထမ်း ၂၁ ဦး တက်ရောက်ပြီး တက်ရောက်လာသည့် တောင်သူများအား လက်ဆောင်ပစ္စည်းများ၊ နည်းပညာပေး လက်ကမ်းစာစောင်များ၊ သင်တန်းမှတ်စုစာအုပ်များ ပေးအပ်သည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးရာသီအတွက် မိုးစပါး ဧက ၁၅၀၀၀ စိုက်ပျိုးရန် လျာထားထားပြီး SRI ၁၀ ဧက၊ မျိုးစေ့ထုတ်ကွက် ဧက ၅၀၊ မိုးစပါးပန်းတိုင် ဧက ၁၀၀ နှင့် လျာထားချက်ပြည့်မီအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၃

ဥတုရာသီ ဂေဟစနစ်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေရန် ရည်ရွယ်၍ Green Challenge Association မှ ဥက္ကဋ္ဌ ဦးအောင်မျိုးပိုင် ဦးဆောင်၍ Greenery Group(Pyin Oo Lwin)နှင့် မြန်မာစာပေယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းတို့ပူးပေါင်းကာ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်ဂနိုင်ရွာဦးကျောင်း ဓမ္မသဟာယ သာသနာ့စင်တာနှင့် ဒိုးပင်အောင်ကံသာ ပရဟိတကျောင်းတို့၌ ကျင်းပသည်။

**စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက ကံ့ကော် ၄၅ ပင်၊ သရက်ပင် ၄၀၊ တမာပင် ၂၀၊ စိန်ပန်းပင် ၂၀၊ ဗာဒံပင် ၄၀ နှင့် အပင်စုံ ၁၁၀ ပင် စုစုပေါင်း ၂၇၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ဆိုင်းမော်ဂါး ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမ အစည်းအဝေးခန်းမတွင် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် ဆိုင်းမော်ဂါး ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာ ထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးရွှေမိတ်က အသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်နွေးနွေးသိမ့်က အသင်း၏ လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ကျိုက်ထိုမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်ထို ဩဂုတ် ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် စိမ်းလန်းမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် ကျိုက်ထိုခရိုင်(ဒုတိယအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုမြို့ မြို့ရှောင်လမ်း၌ ကျင်းပသည်။

ဦးစွာ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင် ဦးဇေယျာဦးနှင့် စိမ်းလန်းမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းတာဝန်ခံ ဦးမြင့်ဦးတို့က စိုက်ပျိုးမည့်ပျိုးပင်များကို ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများထံ ပေးအပ်သည်။

ထို့နောက် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၇၂၀ တို့က ပျိုးပင်ပေါင်း ၉၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။



အဆိုပါ စိုက်ပျိုးခဲ့သည့် ပျိုးပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မဟော်ဂနီ၊ သစ်တို၊ ကံ့ကော်၊ မန်ကျည်းရှား၊ သင်္ဂန်း၊ ဖန်ခါး၊ ယမနေ၊ စိန်ပန်း စသည့်ပျိုးပင်စုစုပေါင်း ၉၀၀ ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝါခေါင်လ မေတ္တာအခါတော်နေ့နှင့် စာရေးတံမဲပွဲ

ဝင်းထွန်းဦး

ဝါခေါင်လသည် မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ငါးလမြောက်(ပဥ္စမ) ဖြစ်ပါသည်။ မိုးရာသီ မိုးသည်းထန်သည့်ကာလလည်းဖြစ်သည်။ ရာသီမှာသိဟ်၊ ရာသီရုပ်မှာ ခြင်္သေ့ရုပ်၊ ခတ္တာမှာ ရာသီပန်းဖြစ်သည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာဘာဝနာပွားများကြသည့် မေတ္တာအခါတော်နေ့ဖြစ်ပြီး ရာသီပွဲတော်အဖြစ် စာရေးတံမဲပွဲတော်ကို ကျင်းပကြသည်။

မေတ္တာသည် အေးမြသည်။ စင်ကြယ်သည်။ မေတ္တာစာတ်သည် သီတာရေနှင့် လရောင်တမျှ အေးမြသည်ဟု ဆိုရိုးရှိပါသည်။ မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖက်သူက ကြမ်းတမ်းသလောက် မေတ္တာဖက်သူက ယဉ်ကျေးသိမ်မွေ့သည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာတရားများနှင့် ထုံမွမ်းနေသည့် မေတ္တာအခါတော်နေ့ဖြစ်ပါသည်။

**မေတ္တာအခါတော်နေ့ သတ်မှတ်ကျင်းပခဲ့သည့် အကြောင်းရင်း**

ရှေးအခါက (ဂေါတမမြတ်စွာဘုရားလက်ထက်တော်က) ရဟန်းတော်ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို နာယူကြပြီး တောအုပ်တစ်ခုတွင် တရားပွားများ အားထုတ်ကြသည်။ ဝါတွင်းကာလလည်းဖြစ်နေ၍ ဝါဆိုဝါကပ်ပြုရင်း ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကြသည်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နတ်များမှာ မနေနိုင်ကြတော့ဘဲ နေရာဖယ်ပေးကြရပါတော့သည်။ ထိုနတ်များက ရဟန်းတော်များကို မနေနိုင်အောင် အမျိုးမျိုးခြောက်လှန့်ကြသည်။ နတ်များက ခြောက်လှန့်သည့်အကြောင်း မြတ်စွာဘုရားကို ပြန်လည်လျှောက်ကြားသည့်အခါ မြတ်စွာဘုရားက ဝါခေါင်လပြည့်နေ့တွင် ရဟန်းတော်များကို မေတ္တာသုတ္တန်ဒေသနာတော် ဟောပြသွန်သင်ပေးပြီး တောအုပ်ဆီ ပြန်သွားစေခဲ့ပါသည်။ တောအုပ်ဆီရောက်လျှင် မေတ္တာသုတ္တန်လာ မေတ္တာဘာဝနာပွားများကြသည့်အခါ နတ်များက ချစ်ခင်နှစ်သက်ကြကုန်ပြီး နေရာပေးကာ ဂရုတစိုက်ပြုမူလာကြသည်။ ဤသည်မှာ မေတ္တာတရားကြောင့်ပင်ဖြစ်သည်။ မေတ္တာတရားဆိုသည်မှာ ရန်သူရန်ဘက်ပင်ဖြစ်နေပါစေ မိတ်ဆွေချစ်မြတ်နိုးသူ ဖြစ်သွားသည့် အာနုဘော်နှင့် ပြည့်စုံညီညွတ်ခြင်းပင် ဖြစ်ပါသည်။ ဤသည်ကိုအကြောင်းပြုပြီး ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု သတ်မှတ်ကျင်းပခဲ့ကြခြင်းဖြစ်ပါသည်။



မေတ္တာသည် ဘုရားဟော ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သည်။ မေတ္တာသည်သာလျှင် ရန်မှန်သမျှကို အောင်နိုင်ပါသည်။ မိမိ၏ဒေါသကို ပယ်ဖျောက်နိုင်သလို တခြားသူ၏ဒေါသကိုလည်း ပယ်သတ်နိုင်သည်မှာ မေတ္တာ၏အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ မေတ္တာတရားသည် ကမ္ဘာပေါ်တွင် စွမ်းအားအထက်မြက်ဆုံး၊ အင်အားအကြီးမားဆုံး လက်နက်ဖြစ်ပါသည်။ မေတ္တာစွမ်းအားထက်မြက်ကြီးမားနက်ရှိုင်း အကျိုးထူးသည်ကို မြတ်စွာဘုရားက–

- ထမင်းရည်ချောင်းစီးအောင် လှူဒါန်းခဲ့သည့် ဘုရားလောင်းဝေလာမပုဏ္ဏားကြီး၏အလှူဒါနမျိုးထက်၊
- သောတာပန်တစ်ရာကို လှူရခြင်းထက်၊
- သကဒါဂါမ်တစ်ရာကို လှူရခြင်းထက်၊
- အနာဂါမ်တစ်ရာကို လှူရခြင်းထက်၊
- ရဟန္တာတစ်ရာကို လှူရခြင်းထက်၊
- ပစ္စေကဗုဒ္ဓါအဆူတစ်ရာကို လှူရခြင်းထက်၊
- သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို လှူရခြင်းထက်၊
- ဘုရားအမှူးရှိသည့် သံဃာတော်များကို လှူရခြင်းထက်၊
- စတုဒိသာသံဃာတော်ကို ရည်စူးပြီး ကျောင်းဆောက်လှူရခြင်းထက်၊
- သရဏဂုံဆောက်တည်ခြင်းနှင့် ငါးပါးသီလ စောင့်ထိန်းခြင်းထက်၊

"နို့သာတစ်ရှူခန့်မျှ အချိန်ပိုင်းလောက် မေတ္တာပွားများခြင်း"က သာလွန်ပြီး အကျိုးကြီးမားပါကြောင်း အဆင့်များခွဲကာ ဟောကြားတော်မူခဲ့ပါသည်။

မေတ္တာသည်သာ အောင်နိုင်ရာ၊ မေတ္တာသည်သာငြိမ်းချမ်းရာ၊ မေတ္တာသည်သာချမ်းသာရာ ဖြစ်နေ၍ မေတ္တာပွားများ အားထုတ်ကြမည်ဆိုလျှင် မေတ္တာအကျိုးတစ်ဆယ့်တစ်မျိုးကို သေချာပေါက်ရရှိမည်အမှန်ပင် ဖြစ်ပါသည်။

မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုးမှာ–

- ချမ်းသာစွာအိပ်ရခြင်း။
- ချမ်းသာစွာနိုးရခြင်း။
- အိပ်မက်ဆိုးကိုမမြင်မက်ခြင်း။
- လူတို့ချစ်မြတ်နိုးခြင်းကိုခံရခြင်း။
- သားရဲဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရခြင်း။
- နတ်တို့စောင့်ရှောက်ခြင်း။
- မီး၊ အဆိပ်၊ လက်နက်တို့ မစွဲကပ်မဖျက်ဆီးနိုင်ခြင်း။
- လျင်မြန်စွာ စိတ်တည်ကြည်ခြင်း။
- မျက်နှာအဆင်း အထူးကြည်လင်ခြင်း။
- မတွေမဝေ သေရခြင်း။
- ဗြဟ္မာပြည်သို့လားရခြင်းတို့ ဖြစ်ပါသည်။

စာရေးတံမဲပွဲသည် ဝါခေါင်လ၏ရာသီပွဲတော်ဖြစ်သည်။ စာရေးတံအလှူသည် မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူသည့် ဆွမ်းအလှူဖြစ်ပါသည်။

စာရေးတံဆိုသည်မှာ–

သစ်သားအချောင်းတံဖြစ်စေ၊ ဝါးခြမ်းပြား၊ နီးပြား၊ ပေရွက်၊ ထန်းရွက် စသည်တို့ဖြင့် လုပ်ထားသည့်အတံတွင်ဖြစ်စေ ဒါယကာ ဒါယိကာမများ၏ အမည်ကို ရေးထိုးမှတ်သားထားခြင်းဖြစ်သည်။

စာရေးတံဆွမ်းအလှူ ဆောင်ရွက်မှုမှာ ဒါယကာ ဒါယိကာမများ၏အမည်ကို ရေးထိုးထားသည့်စာရေးတံကို အသုံးပြုပါသည်။ ရေးထိုးပြီး စာရေးတံအားလုံးကို ထည့်စရာတစ်ခုထဲတွင် ပေါင်းထည့်ကာ မွှေကြရပါသည်။ ပြီးမှ အလှည့်ကျရဟန်းက စတင်မဲနှိုက်ယူရပါသည်။ တချို့က မထေရ်ကြီးကစပြီး မဲနှိုက်ယူပါသည်။ ဆွမ်းဒါယကာ ဒါယိကာမ မည်သူမည်ဝါ၏ စာရေးတံကိုနှိုက်ယူပြီးသည့် ရဟန်းသည် ဆွမ်းအလှူရှင်၏ ပင့်လျှောက်မှုဖြင့် အလှူရှင်အိမ်ကို ကြွရပါသည်။ နောက်ပိုင်းအချိန်များတွင် စာရေးတံတွင် ဒါယကာ ဒါယိကာမများ၏အမည်ကို မရေးတော့ဘဲ၊ ရဟန်းသံဃာတော်များ၏ ဘွဲ့တော်ကိုသာ ရေးထားကာ ဆွမ်းအလှူရှင်များက မဲနှိုက်ယူရသည့်စနစ်ကို ပြောင်းလဲလုပ်ဆောင်ခဲ့သည်။ သံဃာတော်ဆယ်ပါး ပင့်ဆောင်ဆွမ်းကပ်လိုသူက စာရေးတံ ဆယ်ချောင်း၊ သုံးပါးပင့်ဆောင်ဆွမ်းကပ်လိုက စာရေးတံသုံးချောင်း နှိုက်ယူရသည်။ စာရေးတံပေါ်တွင် ရေးထားသည့် ဘွဲ့အမည်ပါ ရဟန်းသံဃာတော်ကို အိမ်သို့ပင့်ဆောင်ဆွမ်းကပ်ကြပါသည်။ ဆွမ်းအလှူရှင် ဒါယကာ ဒါယိကာမများ ကိုယ်တိုင်မဲနှိုက်ယူရ၍ ပိုပြီးသဒ္ဓါရှင်လန်းဝမ်းမြောက်ကြပါသည်။ နံနက်ဆွမ်း၊ နေ့ဆွမ်းဆိုပြီး ကပ်ကြသလို ကျောင်းသို့ဆွမ်းအုပ်ပို့ကာ မဲကျသည့် ရဟန်းသံဃာကိုလည်း ဆွမ်းကပ်ကြကာ တရားနာရေစက်ချကြပါသည်။ ပုဂ္ဂိုလ်စွဲမရှိ၊ မဲကျရာ ရဟန်းသံဃာကို ဆွမ်းကပ်လှူဒါန်းရခြင်းဖြစ်၍ စာရေးတံအလှူပွဲသည် စေတနာသုံးတန်ပြည့်ဝသည့် အလှူပွဲတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူများအနေဖြင့် မေတ္တာတရားများဖြင့် ပြီးပြည့်စုံထုံမွမ်းနေသည့် မေတ္တာအခါတော်နေ့ (ဝါခေါင်လပြည့်နေ့) တွင် မေတ္တာဖြင့် အောင်နိုင်မှုကိုရယူနိုင်ရန် မေတ္တာဘာဝနာပွားများရင်း စေတနာသုံးတန်ပြည့်ဝသည့် စာရေးတံအလှူပွဲများ ပြုလုပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှု ရယူနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။



**"မေတ္တာသည် ဘုရားဟော ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သည်။ မေတ္တာသည်သာလျှင် ရန်မှန်သမျှကို အောင်နိုင်ပါသည်။ မိမိ၏ဒေါသကို ပယ်ဖျောက်နိုင်သလို တခြားသူ၏ဒေါသကိုလည်း ပယ်သတ်နိုင်သည်မှာ မေတ္တာ၏အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ မေတ္တာသည်သာ အောင်နိုင်ရာ၊ မေတ္တာသည်သာငြိမ်းချမ်းရာ၊ မေတ္တာသည်သာချမ်းသာရာ ဖြစ်နေ၍ မေတ္တာပွားများ အားထုတ်ကြမည်ဆိုလျှင် မေတ္တာအကျိုးတစ်ဆယ့်တစ်မျိုးကို သေချာပေါက်ရရှိမည်အမှန်ပင်ဖြစ်"**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၄၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၄၄၇ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ထို့အပြင်ကျောင်းသားကျောင်းသူများအေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့်ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၁၀၈ ဦးတို့အား တပ်မတော်သား ဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)၏ နဝမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဒုတိယပိုင်း အစီအစဉ်တွင် ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက အမှာစကားပြောကြားပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မဟာဘွဲ့ ၁၀ ဦး၊စီးပွားရေးသိပ္ပံဘွဲ့ ၁၈၂ ဦး၊ Dip HRM ဒီပလိုမာတန်း ၅၅ ဦး၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် online system ဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် မဟာဘွဲ့သင်တန်းများမှ MBAဘွဲ့ ၉၂ ဦး၊ MPA ဘွဲ့ ၆၂ ဦးနှင့် MAR ဘွဲ့ ၁၆ ဦး စုစုပေါင်း ၄၂၀ အနက် တက်ရောက်ဘွဲ့ယူသူ ၂၉၅ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၁၂၅ ဦးတို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လင်းခေးမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**လင်းခေး ဩဂုတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် လင်းခေးမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဖေသိန်းတို့က အမှာစကားပြောကြားသည်။



ဆက်လက်၍ လင်းခေးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြဝင်းက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် သဘာပတိက အမှုဆောင်နှင့် အသင်းစာရင်းစစ်များ ရာထူးမှနုတ်ထွက်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးချယ်ခံရသည့် အသင်းအမှုဆောင်၊ အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**



# မကွေးတိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးရှိဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မကွေးတိုင်းဒေသကြီး အပါအဝင် မြို့နယ် ၂၅ မြို့နယ်ရှိ ဌာနဆိုင်ရာအသီးသီး၌ ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ရုံးအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ စာသင်ကျောင်းများ၊ ဆေးရုံများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ(စနေ့နေ့တိုင်း)စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID နံပါတ်များ ထုတ်ပေး

**ရေး ဩဂုတ် ၃**

မွန်ပြည်နယ် ရေးမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဇီဝအချက်အလက်များ ကောက်ယူ၍ UID(Unique Identification Number)နံပါတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေးမြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဝန်ထမ်းများက တောင်ဘုံကျေးရွာသူ ကျေးရွာသားများအား ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရည်သန့်က ကြီးကြပ်ဆောင်ရွက်ပေးပြီး ပြည်သူလူထုလူမှုဘဝမြှင့်တင်ရေးတို့အတွက် e-ID စနစ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍



ရှင်းလင်းပြောကြားသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် ကျေးရွာပြည်သူ ၁၃၀ တို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂါဇာဒေသ၌ တိုက်ခိုက်မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများအပေါ် ဩစတြေးလျပြည်သူများ ဆန္ဒထုတ်ဖော်

ဆစ်ဒနီ ဩဂုတ် ၃

ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများ အပေါ် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ပြည်သူများ က ယနေ့ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းအလံများကိုင်ဆောင်ထားသည့် ဆန္ဒထုတ်ဖော်သူ ထောင်ပေါင်းများစွာက ဆစ်ဒနီမြို့၏ အထင်ကရ ဆိပ်ကမ်းတံတားပေါ်တွင် ယနေ့ ချီတက်ခဲ့ကြသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများရပ်တန့်ရန်နှင့် ပြည်သူများထံသို့ စားနပ်ရိက္ခာများ အပြည့်အဝမရရှိခြင်းအပေါ် ပြည်သူများက ဆန့်ကျင်ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆန္ဒထုတ်ဖော်မှုကို ပါလက်စတိုင်း စည်းရုံးလှုံ့ဆော်ရေးကွန်ရက်က စီစဉ်ခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသော်လည်း ပြည်သူများက ဆက်လက်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အမျိုးသား ဘောလုံးအသင်းခေါင်းဆောင် ဟောင်း Craig Foster က အစ္စရေးနိုင်ငံအား စစ်ရေးနှင့် ပံ့ပိုးကူညီမှုအားလုံးကို ရုပ်သိမ်းပေးရန် ဩစတြေးလျအစိုးရအား တောင်းဆိုခဲ့သည်။

အလားတူ မဲလ်ဘုန်းမြို့၌လည်း ပါလက်စတိုင်း လိုလားသည့် ပြည်သူထောင်ပေါင်းများစွာက ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည့် ကလေးငယ်တစ်ဦး ထပ်မံတွေ့ရှိ

အစ္စလာမာဘတ် ဩဂုတ် ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခေဘာပတ်ထောင်ခွာ ပြည်နယ်၌ ကလေးငယ်တစ်ဦး ပိုလီယိုဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရကြောင်း ယမန်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သည်။



နိုင်ငံအတွင်း၌ ယခုနှစ်အတွင်း တောရိုင်း ပိုလီယိုဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၈ ဦးမြောက်ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဝန်ကြီးဌာန (NIH) က အတည်ပြုပြောကြားသည်။

အဆိုပါ ရောဂါကူးစက်ခံရသည့် ကလေးငယ်မှာ တန့်ခ်ခရိုင်မှဖြစ်ပြီး ၁၀ လသားအရွယ် ကလေးငယ် တစ်ဦးဖြစ်ကြောင်း သိရသည်။

ခေဘာပတ်ထောင်ခွာ ပြည်နယ်၌ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိနေခြင်းကြောင့် လက်ရှိအချိန်အထိ ပိုလီယိုရောဂါကူးစက်မှု မြင့်မားသည့်ပြည်နယ်အဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

ကာကွယ်ဆေးတိုက်ကျွေးမှု မခံယူရသေးသည့် ကလေးတိုင်းသည် အန္တရာယ်ရှိပြီး ဗိုင်းရပ်စ်ကူးစက်မှုကို ဖြစ်နိုင်ချေ ပိုမိုမြင့်မားလျက်ရှိကြောင်း အမျိုးသားအရေးပေါ် လုပ်ငန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ စတင်ကာ ကာကွယ်ဆေး တိုက်ကျွေးမှုခြောက်ကြိမ်ပြုလုပ်ခဲ့ပြီး တစ်ကြိမ်လျှင် ကလေး ၄၅ သန်းကျော်အထိ တိုက်ကျွေးခဲ့သည်။

ယခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်း အန္တရာယ်များသော ဒေသများတွင် ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို ထပ်မံစီစဉ်ထားသည်။

လက်ရှိတွင် တောရိုင်းပိုလီယိုဗိုင်းရပ်စ်ပိုးကို ပါကစ္စတန်နှင့် အိမ်နီးချင်း အာဖဂန်နစ္စတန်နှစ်နိုင်ငံတွင်သာ တွေ့ရှိရသည်။

အာဏာပိုင်များက ကလေးတိုင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုခံယူရန်နှင့် ကျန်းမာရေးဝန်ထမ်းများကို ပံ့ပိုးကူညီရန် မိဘများအား တိုက်တွန်းထားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ သယ်ယူပို့ဆောင်ရေး ဥမင်လိုဏ်ခေါင်း တည်ဆောက်

ကဘူးလ် ဩဂုတ် ၃

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဥမင်လိုဏ်ခေါင်းတစ်ခုကို စတင်တည်ဆောက်ခဲ့ကြောင်း အာဖဂန်နစ္စတန် သယ်ယူပို့ဆောင်ရေးနှင့် လေကြောင်းဝန်ကြီးဌာနက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန် ငွေ ၂၈ ဒသမ ၇ သန်းကုန်ကျမည့် ယင်းဥမင်လိုဏ်ခေါင်းကို လေးလအတွင်းပြီးစီးစေရေးဆောင်ရွက်မည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

တည်ဆောက်ပြီးစီးပါက ဒေသတွင်းဆက်သွယ်မှုများလွယ်ကူလာမည်ဖြစ်ကာ ဒေသခံများ၏ လူမှုစီးပွားဘဝများအဆင်ပြေလာမည်ဟု တာဝန်ရှိသူများကပြောကြားသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အာဖဂန်နစ္စတန်အစိုးရသည် ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၏ အကူအညီဖြင့်ဆောင်ရွက်နေကာ ၎င်းစီမံကိန်းများသည် ဒေသခံများအတွက် အလုပ်အကိုင်များဖန်တီးပေးကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာရေးလုပ်ငန်းများအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ ပေးအပ်

ဒါကာ ဩဂုတ် ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ပေးအပ်ရေး သဘောတူညီချက်ကို အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့အကြား ဩဂုတ် ၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းအလုပ်အကိုင်ရရှိမှုမြှင့်တင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံ၏ လျှပ်စစ်၊ စက်မှု၊ သတင်းအချက်အလက်နည်းပညာ၊ မြို့ပြဖွံ့ဖြိုးရေး၊ အစားအစာနှင့် စိုက်ပျိုးရေးကဏ္ဍများမြှင့်တင်ရန်အတွက် ချေးငွေကို သုံးစွဲဆောင်ရွက်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဌာနေကိုယ်စားလှယ် ဟိုရမ်ဂျီအွမ်က ပြောကြားသည်။ ထို့ပြင် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကြားပို့ချမည့်ဆရာများမွေးထုတ်ရေးကိုလည်း ယခုချေးငွေကို သုံးစွဲဆောင်ရွက်မည်ဟု သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**



# အိမ်ဖြူတော်၌ ဒေါ်လာ သန်း ၂၀၀ ခန့် ကုန်ကျမည့် ခန်းမအသစ်တစ်ခု ဆောက်လုပ်မည်

ဝါရှင်တန် ဩဂုတ် ၃

အိမ်ဖြူတော်၌ ခန့်မှန်းခြေ ဒေါ်လာ သန်း ၂၀၀ ခန့် ကုန်ကျမည့် ခန်းမအသစ်တစ်ခု ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော်၏ အရှေ့ဘက်ရှိ လက်ရှိခန်းမတည်နေရာ၌ ခန်းမအသစ်တစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းလီဗစ်က ပြောကြားသည်။

အိမ်ဖြူတော်ရှိ လက်ရှိအသုံးပြုနေသည့် အကြီးဆုံးခန်းမမှာ လူ ၂၀၀ ဝင်ဆံ့ပြီး ထပ်မံဆောက်လုပ်မည့် ခန်းမအသစ်သည် စတုရန်းမီတာ ၈၃၀၀ ကျော် ကျယ်ဝန်းကာ လူ ၆၅၀ ဝင်ဆံ့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခန်းမအသစ်သည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း ကာရိုလိုင်းလီဗစ်က ပြောကြားသည်။

သမ္မတ ဒေါ်နယ်ထရမ့်နှင့် အခြား





သော အလှူရှင်များ၏ ရန်ပုံငွေဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါခန်းမတည်ဆောက်ရေးစီမံကိန်းကို ဒေါ်နယ်ထရမ့်၏ ကတိကဝတ်အတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းလီဗစ်က ပြောကြားသည်။

တည်ဆောက်ရေး စီမံကိန်းကို စက်တင်ဘာလတွင် စတင်မည်ဖြစ်ပြီး ၂၀၂၉ ခုနှစ် ဇန်နဝါရီလ ဒေါ်နယ်ထရမ့်၏ ရာထူးသက်တမ်းမကုန်ဆုံးမီ ပြီးစီးရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးစဉ်။



မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

# မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းနှင့် မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား ၂၅၆ ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှူခင်းရဲတပ်ဖွဲ့ နိုင်ငံရေးမှူး Mr. Jiang Guoli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်း မန်စီမြို့ရှိ YESTE ဟိုတယ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်က တွေ့ဆုံကာ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မူဆယ်ဒေသအတွင်း အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအား မြန်မာ- တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ၂၀၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ကရင်ပြည်နယ် မြဝတီဒေသတွင်လည်း တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသား ၉၂၉၉ ဦးအား ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ တရားမဝင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သတင်းဖလှယ်ခြင်း၊ ဖမ်းဆီးရမိတရားခံများအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးကြသည်။

**ဖော်ထုတ်ဖမ်းဆီး**

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့များ၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်မှတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှုစစ်ဆေးဖော်ထုတ်ရေးအား ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၂၅၆ ဦးတို့အား အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ ကွန်ပျူတာ အလုံး ၃၀ ၊ Laptop ခုနစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၁၁ လုံး၊ Wifi စက် ၁၄ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိခဲ့သူများအား မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆွေးနွေးပွဲ သဘောတူညီချက်များအရ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက် မန်ဝိန်းဂိတ်၌ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအား တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ လမ်းညွှန်မှုဖြင့် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများသတ်မှတ်ချက်နှင့်အညီထားရှိမှု ရှိ/မရှိ၊ စက်သုံးဆီဆိုင်များမှစတင်၍ မီးလောင်မှုများမဖြစ်ပွားစေရေးအတွက်အသိပညာပေးခြင်း၊ မီးဘေးလုံခြုံရေးထောက်ခံချက်ရရှိရေးအတွက် အလေးထားဆောင်ရွက်ရန် ကိစ္စရပ်များအားပူးပေါင်းအဖွဲ့များနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငပုတောမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

ငပုတော ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဆုဈာန်စက်သုံးဆီအရောင်းဆိုင်အား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂)ဦးသန်းဦးနှင့်တာဝန်ရှိသူများ၊မြို့နယ်ရဲမှူး နိုင်စိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပိုင်စိုးနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ရေးဆိုင်ရာပစ္စည်းများ၊ အရေးပေါ်လှေကားများ၊ မီးထောက်လှမ်းမှုစနစ်များ၊ မီးလန့်အချက်ပေးစနစ်များနှင့် ရေရရှိမှုအခြေအနေ များကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)





## သရက်ချောင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား UID Smart Card များ နေ့စဉ်ထုတ်ပေးလျက်ရှိ

သရက်ချောင်း ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်အေး ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID Smart Card ထုတ်ပေးခြင်းကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ UID Smart Card ဆောင်ရွက်ပေးရာတွင် သရက်ချောင်းမြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၆၇၇ ဦး ရှိကြောင်းမြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်စန်းစန်းသက် ထံမှ သိရသည်။

ထိုသို့ UID Smart Card လာရောက်ထုတ်ယူသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များ အဆင်ပြေချောမွေ့စေရန် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နန်းခလိုက်(သရက်ချောင်း)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောကျောင်းတိုက်၌ပြုလုပ်ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝိစက္ခဏ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။



ငါးပါးသီလ ခံယူဆောက်တည်

ဦးစွာ တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိဿမထေရ်မြတ်ထံမှ သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၃၆ သိန်း ၈ သောင်း ၈ ထောင်ကျပ်၊ ဆန် ၁၁၇၇ အိတ် ၃ ပြည်၊ ဆီ ၃၈၄ ဒသမ ၈၀ ပိဿာ၊ ဆား ၃၁၉၈ ပိဿာ၊ ပဲ ၃၁၉၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၂၀၆ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း သွားတိုက်ဆေး/သွားတိုက်တံ ခြောက်ဖာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**



## တပ်ကုန်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများ ကျင်းပ

တပ်ကုန်း ဩဂုတ် ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ “သုတအလင်းရောင်” စာကြည့်တိုက်၊ အိုင့်ကျယ်ကျေးရွာ၌ “ဉာဏ်မြင့်မိုရ်” စာကြည့်တိုက်နှင့် သစ်ဆိန်ပင်ကျေးရွာ၌ “လမ်းပြကြယ်မေတ္တာအလင်း” စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အဆောက်အအုံများ၊ စာအုပ်စာစောင်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ပရိသတ်များတိုးပွားရေး၊ စာအုပ်စာစောင်များ အသစ်တိုးပွားရရှိရေးနည်းလမ်းများ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စာကြည့်တိုက်မှူးများနှင့်သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာအချက်အလက်များ ပေးအပ်ကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်များအတွင်း ကျောင်းသားလူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**



☆ ကျောဖုံးမှ

အဆင့်ဆင့် လက်ဆင့်ကမ်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၂၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီထံ ချီးမြှင့်ပေးအပ်ကာ ပွဲတော်ကျင်းပရေးကော်မတီမှ (၄၆)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး) ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပွဲတော်ကိုဦးဆောင်ကျင်းပမည့် အကြီးအမှူးနှင့် အရန်နှစ်ဦး၊ ချည်ဖြူဖွဲ့ပေးမည့် အဘိုးနှင့် အဘွားများက မြေးငယ်များခြံရံလျက် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများက အဘိုး၊ အဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာခံယူခဲ့ကြသည်။**(အပေါ်ဝဲပုံ)**

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ သန့်စင်သောရေ၊ ကြံပိုင်း စသည့်ပစ္စည်းခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ဂုဏ်သတ္တိများအလိုက် ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာနေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများ ထိန်းသိမ်းသည့်ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်အတွင်းနှင့် ကရင်လူမျိုးများ ပျံ့နှံ့နေထိုင်ရာနေရာဒေသအသီးသီးတို့တွင် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားများကို ဝါခေါင်လတစ်လလုံးနေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

❖ အာဆီယံမှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်ခရီးစဉ်တွင် တရုတ် ယူ-၂၀ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ၊ တရုတ်ကလပ်အသင်းနှင့်တစ်ပွဲ ခြေစမ်းကစားသော်လည်း ရလဒ်ပိုင်း ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ရန်ကုန်မြို့၌ အပြီးသတ်ပြင်ဆင်ကာ ဩဂုတ် ၄ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားမည်ဖြစ်သည်။

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းရှစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ မြန်မာ၊ ဩစတြေးလျ ယူ-၂၃၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၇ ရက်တွင် ဩစတြေးလျ ယူ-၂၃ အသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

☆ FIFA-MFF မှ

YCDC MHDT အသင်းက ၃၅ မှတ်၊ YRG အသင်းက ၃၃ မှတ်၊ JV အသင်းက ၂၄ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၂၃ မှတ်၊ VUC ULAD အသင်းက ၂၂ မှတ်၊ MIU အသင်းက ၂၀ မှတ်၊ Royal Noka အသင်းက ၁၅ မှတ်၊ Pacific Sun Far အသင်းနှင့် Generations အသင်းတို့က ၁၄ မှတ်စီ၊ FFU မင်းမဟော်အသင်းက ခုနစ်မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းက အမှတ်လျှော့ခံထားရသဖြင့် ၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။

ယူ-၁၆ ဖူဆယ်လိဂ်ပွဲစဉ်(၁၆)တွင် Jullniss အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက King Cobra အသင်းကို လေးဂိုး-နှစ်ဂိုး၊ Kyaung Sayar Tharhtwe အသင်းက Avengers Junior အသင်းကို ခုနစ်ဂိုးပြတ်၊ Golden Boys အသင်းက Victoria အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရွှေပြည်သာယူနိုက်တက်အသင်းနှင့် TKA Star အသင်း နှစ်ဂိုးစီသရေ၊ မလိခအသင်းနှင့် SGF အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ်(၁၆) အပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၄၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Pacific Sun Far အသင်းက ၃၈ မှတ်၊ Golden Boys အသင်းက ရမှတ် ၃၀၊ SGF အသင်းက ၂၉ မှတ်၊ Victoria အသင်းက ၂၈ မှတ်၊ Jullniss အသင်းက ၂၃ မှတ်၊ King Cobra အသင်းနှင့် Avengers Junior အသင်းတို့က ၂၂ မှတ်စီ၊ မလိခအသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ရှစ်မှတ်၊ TKA Star အသင်းက ခြောက်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## လှိုင်းဘွဲ့မြို့နယ်၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

လှိုင်းဘွဲ့ ဩဂုတ် ၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သော ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက လှိုင်းဘွဲ့မြို့(က)ရပ်ကွက် အောင်မြင်သာယာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလနှင့် ဩဝါဒများကိုခံယူပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးမင်းအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးအုန်းတင်က ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား နှစ်စဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကရင်တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ ရိုးရာ၊ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ စာပေများ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ မြတ်နိုး တန်းဖိုးထားတတ်ခြင်းတို့ကို ပြောကြားပြီး ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ စာတမ်းကို မြန်မာဘာသာနှင့် ကရင်ဘာသာတို့ဖြင့် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဖတ်ကြားကြသည်။



ကပြဖျော်ဖြေ

ဆက်လက်၍ လိပ်ပြာမောင်နှံ ခုနစ်ဖော်အား ဖိတ်ခေါ်ပြီး ချည်ဖြူဖွဲ့ မင်္ဂလာပွဲတွင် တက်ရောက်လာသော မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း အဖွဲ့ဝင်များနှင့် ပရိသတ်များအား တစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့ခြင်း၊ ဆုတောင်းမေတ္တာ ပို့သခြင်းနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ကရင်ရိုးရာတေးသီချင်းများ၊ စည်လုံးညီညွတ်ခြင်း တေးသီချင်းများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**စောဒိ(ပြန်/ဆက်)**

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်နှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၇၀၀ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ



မကွေး ဩဂုတ် ၃

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂ ရက် နံနက်ပိုင်းက အောင်လံ ခရိုင် ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၇၀၀ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူတို့က မွန်းညောင်ပင်သာကျေးရွာအုပ်စုမှ လယ်မြေ ဧက ၂၀၀၊ ယာမြေဧက ၅၀၀ စုစုပေါင်း ဧက ၇၀၀ အတွက် မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ၂၀၂၅-၂၀၂၆ မိုးရာသီတွင် စပါးဧက ၂၀၀ နှင့် အခြားသီးနှံဧက ၁၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ကေပြည့်မီစွာ ရေပေးဝေစိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မွန်းညောင်ပင်သာကျေးရွာ အုပ်စုဒေသရှိ စိုက်ပျိုးမြေဧက ၇၀၀ ကို ရေသွင်းစိုက်ပျိုးစေခြင်းဖြင့် စပါးနှင့် အခြားသီးနှံများ သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးကာ သီးထပ်စွမ်းအားနှင့် သီးနှံအထွက်နှုန်းများ တိုးတက်ရရှိလာစေမည်ဖြစ်ကြောင်းနှင့် ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်စေရေးအတွက် အထောက်အကူပြုစေနိုင်ယုံသာမက ဒေသတွင်း တောင်သူတစ်ဦးချင်း၏ ဝင်ငွေလည်း တိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားကာ ဒေသခံများ၏ စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ လိုအပ်မှု ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## အကောင်အထည်ဖော်ဆောင်ရွက်

အဆိုပါ မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းဆောင်ရွက်ခဲ့သည့်အတွက် ဒေသရှိစိုက်ပျိုးမြေ ဧက ၇၀၀ ကို ရေသွင်းစိုက်ပျိုးစေခြင်းဖြင့် စပါးနှင့် အခြားသီးနှံများ သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးကာ သီးထပ်စွမ်းအားနှင့် သီးနှံအထွက်နှုန်းများ တိုးတက်လာစေပြီး ဒေသဆန်ဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုစေနိုင်ယုံသာမက ဒေသတွင်း တောင်သူတစ်ဦးချင်း၏ ဝင်ငွေများလည်း တိုးတက်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

# တွံတေးမြို့၌ ၂၀၂၅ ခုနှစ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

တွံတေး ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုန်းပင်စုရပ်ကွက်တွင် ၂၀၂၅ ခုနှစ် တွံတေးမြို့နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံအမျိုးသား(အလွတ်တန်း) မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက တွံတေးမြို့ မြို့မအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဗိုလ်လုပွဲယှဉ်ပြိုင်မည့်အသင်းများဖြစ်ကြသော ဈေးသစ်ရပ်ကွက် ဘောလုံးအသင်းနှင့် ကျွန်းတောရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဈေးသစ်ရပ်ကွက် ဘောလုံးအသင်းက လေးဂိုး၊ ကျွန်းတောရပ်ကွက် ဘောလုံးအသင်းက သုံးဂိုးရရှိခဲ့သဖြင့် ဈေးသစ်ရပ်ကွက် ဘောလုံးအသင်းက တံခွန်စိုက်ဆုဖလားကို ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၅ နာရီခွဲတွင် ကျင်းပခဲ့ရာ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ပထမဆုရရှိသော ဈေးသစ်ရပ်ကွက် ဘောလုံးအသင်းအား တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က တံခွန်စိုက်ဆုဖလားအား ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



မြန်မာ ယူ-၂၂ အသင်း ဩဂုတ် ၂ ရက်က မြန်မာ ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားစဉ်။

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအသင်း ပြန်လည်လေ့ကျင့်

ရန်ကုန် ဩဂုတ် ၃

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဩဂုတ် ၂ ရက်မှစ၍ ပြန်လည်လေ့ကျင့်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဇူလိုင် ၁၅ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်အပြီး ရက်ပိုင်းသာအနားယူကာ စက်တင်ဘာတွင်ယှဉ်ပြိုင်ရမည့် ၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ဒီဇင်ဘာတွင် ယှဉ်ပြိုင်ရမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကူရိုဆာကီက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် နည်းပြသစ် ကူရိုဆာကီလက်ထက်တွင် နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲများ၌ နိုင်ပွဲလုံးဝမရသေးဘဲ နိုင်ပွဲရယူနိုင်ရန် ရုန်းကန်နေရသည်။ အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင်လည်း ထိုင်း၊ တီမော နှစ်သင်းစလုံးကို သရေကျပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (B) တွင် ဂျပန်၊ ကူဝိတ်၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် ကျရောက်နေပြီး ယင်းအုပ်စုကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။ (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲကိုမူ အုပ်စုခွဲဝေခြင်းမရှိသေးကြောင်း သိရသည်။

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-MFF

# MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၃

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ဩဂုတ် ၃ ရက်က စတင်ကျင်းပရာ မြဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ MNL မှ တန်းဆင်းလာရသည့် မြဝတီအသင်းသည် အဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ငွေကြယ်ပွင့်အသင်းထက် ကစားသမားအင်အားရော အတွေ့အကြုံပိုင်းပါ အသာရခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် မြတ်မင်းဦး၊ ၆၈၊ ၈၂ မိနစ်တွင် နိုင်ဇင်ထက်၊ ၈၈၊ ၉၀ မိနစ်တွင် လန်းဆန်းအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းမှ လန်းဆန်းအောင်က ရရှိသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ယင်းပွဲအတွက် အကောင်းဆုံးဆုကို ကချင်ယူနိုက်တက်အသင်းမှ သက်ပိုင်စိုးက ရရှိသည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်း၊ ပဒုမ္မာကွင်း၌ YB United အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



မြဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

သတင်း-ထွဏ်းသွေးအိမ်
ဓာတ်ပုံ-MNL

# မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း(၅)



**နီဇော်သစ်**

၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် အသိဉာဏ်တုသို့မဟုတ် အေအိုင် လေ့ကျင့်သင်ကြားမှုများတွင် ဂျီပီယူသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ သို့သော် ၂၀၁၈ ခုနှစ်တွင်မူ ဂူးဂဲလ်၏ အက်ဂျ်တီပီယူ ချစ်ပ် ပေါ်ထွက်လာသည်။ ထိုချစ်ပ်မှာ အေအိုင် လေ့ကျင့်သင်ကြားမှုကို ဦးတည်သော်လည်း ဂျီပီယူ မပါဝင်။ လုပ်ငန်းအထူးပြုအိုင်စီ(ASIC)ဟု ခေါ်ကြသည်။ ပုံရိပ်ဖမ်းစနစ်၊ အရာဝတ္ထု ဖမ်းယူကြည့်ရှုမှုစနစ်တို့လိုမျိုး နျူရယ်ကွန်ရက် တွက်ချက်မှုများအတွက်ဖြစ်သည်။ ယနေ့အထိ ကင်မရာများ၊ ကျန်းမာရေးကိရိယာများ၊ စိုက်ပျိုးရေးကိရိယာများတွင် အသုံးပြုနေကြဆဲ။

အက်ဂျ်တီပီယူသည် ဂူးဂဲလ်ကလောက်ကို အမှီအခိုပြုသည့် ပစ္စည်းများအတွက် အလေးထားထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းတို့ကို အက်ဂျ်ပစ္စည်းများဟုလည်းခေါ်သည်။ ပါဝါသုံးစွဲမှုနည်းသည့် အားသာချက်၊ အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုရာတွင် ဘန်းဝစ်ဒ်အသုံးပြုမှု လျှော့ချနိုင်သည့် အားသာချက်တို့ရှိသည်။ အေအက်စ်အိုင်စီဖြစ်သောကြောင့် ကိုယ်အသုံးပြုလိုသည့် လုပ်ငန်းဆိုင်ရာ သီးခြားချစ်ပ်များကို အသုံးပြုနိုင်သည်။ ဂူးဂဲလ်၏ အက်ဂျ်နည်းပညာနှင့် အင်န်ဗီးဒီးယား၏ ဂျီပီယူသုံး အေအိုင်အထောက်အကူပြု နည်းပညာတို့၏ အားပြိုင်မှုတစ်ခုအဖြစ် မြင်ရနိုင်သည်။

ဂူးဂဲလ်သည် ယင်း၏ ပစ်ဇယ်ဖုန်းများအတွက် အက်စ်အိုစီချစ်ပ်များကိုလည်း ထုတ်လုပ်လာသည်။ အက်စ်အိုစီအကြောင်းကို ရှေ့ဆောင်းပါးတွင် ရှင်းပြီးဖြစ်၍ အကျယ်မပြောတော့ပါ။ ဂူးဂဲလ်ပစ်ဇယ် အက်စ်အိုစီချစ်ပ်များမှာ ဂူးဂဲလ်နှင့် ဆမ်ဆောင်းတို့ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်လည်းဖြစ်သည်။ ဂူးဂဲလ် တင်ဆာစနစ်ပေါ်တွင် အခြေပြုသည့် အေအိုင်စနစ်ကိုသုံးသည်။ ဤနည်းအားဖြင့် တင်ဆာ ဂျီဝမ်း၊ ဂျီတူး၊ ဂျီသရီး အစရှိသော ချစ်ပ်များ ထွက်လာသည်။ အေအိုင်နှင့် စက်သင်ယူမှု စွမ်းဆောင်ရည်များ ထည့်သွင်းထားသည့် ချစ်ပ်များဖြစ်သည်။

တစ်ဖက်တွင် ဝါသနာရှင်များနှင့် ပညာရှင်များ၏ ကိုယ်တိုင်တီထွင်ဖန်တီးသည့် လောကတွင်လည်း ကွန်ထရိုလာတို့မှာ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာပြီဖြစ်သည်။ တစ်ချိန်က ကိုယ်တိုင် လျှပ်စီးပတ်လမ်းဆွဲပြီး ခက်ခက်ခဲခဲလုပ်ခဲ့ရသည်များမှာ ဘုတ်များအဖြစ် ပေါ်ထွက်လာသည်။ ယင်းမှာ အစောပိုင်းကတည်းက ရှိခဲ့သော်လည်း အာဒ္ဒိနိုး ပေါ်ထွက်လာပြီး နောက်ပိုင်းတွင်မှ ပိုမိုတွင်ကျယ်လာပြီဟုဆိုနိုင်သည်။ ဂူးဂဲလ်က အေအိုင်ကို ထိုပုံစံမျိုးဖြင့် လုပ်နိုင်ရန် ဦးတည်ထားသည့် ကော်ရယ် ဒက်ဗ်ဘုတ်ဖြင့် ထိုးဖောက်ဝင်ရောက်သည်။ ကော်ရယ် ဒက်ဗ်ဘုတ်သည် အက်ဂျ်တီပီယူ ချစ်ပ်သုံးထားသောကြောင့် အေအိုင်ကို ကိုယ်တိုင်စမ်းသပ်လိုသူများအတွက် စိတ်ဝင်စားစရာဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဂူးဂဲလ်၏ ကော်ရယ် ဒက်ဗ်ဘုတ်နှင့် ဂျက်ဆင်နာနိုတို့ကိုမူ အမ်စီယူစာရင်းထဲတွင် ထည့်၍မဖြစ်။ အက်ဂျ် အေအိုင်ဘုတ်များဆိုသည့် ခေါင်းစဉ်အောက်တွင်ထားလျှင် ပိုသင့်လျော်သည်။ အကြောင်းမှာ ဘုတ်ပေါ်တွင် အိုအက်စ်တစ်ခုလုံးတင်ထားသည့် ကွန်ပျူတာတစ်ခုလိုဖြစ်နေခြင်းကြောင့်ပင်။ အက်စ်အိုစီတို့နှင့် ပိုနီးစပ်သည်။ ကော်ရယ်ဒက်ဗ်ဘုတ်ကို လင်းနပ်ဇ်ဒေဘီယန်ဗားရှင်း အပေါ်စားတင်ပြီး မောင်းရသလို ဂျက်ဆင်နာနိုကိုလည်း အူဘွန်းတု လင်းနပ်စ်ကို အခြေခံထားသည့် အက်စ်ဒီကေဖြင့် မောင်းရသည်။ နှိုင်းယှဉ်မည်ဆိုလျှင် ရက်စ်ဘယ်ရီပိုင်၏ ဆင်ဂယ်ဘုတ်ကွန်ပျူတာ (အက်စ်ဘီစီ)ဟုခေါ်သော ပိုင်ဝမ်းမှ ပိုင်ဖိုက်အထိ စီးရီးနှင့်ပင် ပိုတူသည်။

ဤနေရာတွင် ရက်စ်ဘယ်ရီ ပိုင်အကြောင်းကိုလည်း ချန်ထား၍မရ။ ကျောင်းသား ကျောင်းသူများကို ပရိုဂရမ်ရေးသားနည်း သင်ကြားပေးရန် ထွက်ပေါ်လာသော ရက်စ်ဘယ်ရီပိုင် ဖောင်ဒေးရှင်းသည် ၂၀၁၂ ခုနှစ်မှစ၍ ပိုင်ဝမ်း၊ ပိုင်တူး အစရှိသော ကွန်ပျူတာဘုတ်များကို ပိုင်ဖိုးအထိ ထုတ်လုပ်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ပိုင်ပီကိုဆိုသည့်ဘုတ်ဖြင့် အမ်စီယူလောကထဲသို့ ဝင်ရောက်လာသည်။ အမေရိကန် ဒေါ်လာလေးဒေါ်လာမျှသာ ကျသင့်သော ပိုင်ပီကိုသည် ကျောင်းသားသုံး အမ်စီယူဆိုသည်မှာ သေချာသည်။ သို့သော် ယင်းတို့မှာ ကော်ရယ်ဘုတ်တို့၊ ဂျက်ဆင်နာနိုတို့လို အေအိုင်ကို ရည်ရွယ်ခြင်းမရှိ။ အာဒ္ဒိနိုးတို့နှင့် ပြိုင်ဘက်များဟုသာ ဆိုနိုင်သည်။

၂၀၂၀ ပြည့်နှစ်တွင်မူ အက်ပဲလ်၏ လူသိများသော အမ်-၁ ချစ်ပ် ပေါ်ထွက်လာသည်။ ထူးခြားမှုရှိ၊ မရှိ ရှည်ရှည်ဝေးဝေး ပြောစရာမလို။ ယနေ့ခေတ် တစ်ပတ်ရစ် မက်ဘွတ်ခ်ဈေးကွက်တွင် အမ်-ဝမ် ဖြစ်ပြီလား၊ မဖြစ်သေးဘူးလားဆိုသည့် မေးခွန်းကို တခုတ်တရ ထည့်မေးကြသည်ကို ကြည့်လျှင်ပင် သိနိုင်သည်။ တကယ်တော့ အမ်-ဝမ်းသည် စီပီယူ၊ ဂျီပီယူ၊ အင်န်ပီယူပေါင်းထားသော ချစ်ပ်။ အက်ပဲလ်အတွက် မထူးဆန်း။ အိုင်ဖုန်းများတွင် သုံးထားပြီးသား။ မက်ဘွတ်ခ်ပေါ်သို့ ထိုအချိန်တွင်မှ ရောက်လာခြင်းဖြစ်သည်။

ထိုနှစ်မှာပင် အင်န်ဗီးဒီးယားက ဂျက်ဆင် ဇေဗီးယား အင်န်အိက်စ်ဆိုပြီး ထပ်ထုတ်သည်။ အေအိုင်အလုပ်များကို ဂျက်ဆင်နာနိုထက် အဆ ၄၀ ပိုလုပ်နိုင်သည်။ ဈေးလည်းပိုများသည်။ နာနိုက ဒေါ်လာ ၁၀၀ ခန့်သာရှိချိန်တွင် ဇေဗီးယားက ဒေါ်လာ ၄၀၀ ခန့်ရှိသည်။ သို့သော် စီပီယူကိုး ခြောက်ခုပါဝင်ပြီး ဂျီပီယူတွင် ကူဒါကိုး ၃၈၄ ခုအပြင် အေအိုင်အရှိန်မြှင့်စက်ဟုခေါ်ကြသည့် တင်ဆာကိုး ၄၈ ခုပါဝင်ရာ အားမနာတမ်းခိုင်းနိုင်သည့် ဘုတ်တစ်ခုဟုဆိုရမည်။ လောလောဆယ် အချိန်အထိတော့ အေအိုင်ကို ဝါသနာအလျောက်စမ်းသပ်လိုလျှင် ကုန်ကျစရိတ် နည်းနည်းပဲသုံးလိုပါက နာနိုကိုသုံးနိုင်ပြီး ပေါပေါသုံးနိုင်ပါက ဇေဗီးယားကို စမ်းကြည့်သင့်သည်။

၂၀၂၁ ခုနှစ်တွင်မူ အင်တဲလ်၏ မျိုးဆက်-၁၂ စီပီယူထွက်လာသည်။ ဟိုက်ဘရစ် စီပီယူဖြစ်သည်။ ရှေ့ကပြောခဲ့သည့်အတိုင်း ပြန်ပြောရလျှင် ဟားဗတ်နှင့် ဗွန်နွိုင်းမင်း အာကီတက်ချာများ ပေါင်းသွားသည်။ ပီကိုးနှင့် အီးကိုးဟု ကိုးနှစ်ခုခွဲပြီး အလုပ်လုပ်ရာ ပါဝါအမြင့်များကို ပီကိုးနှင့် မောင်းပြီး နောက်ခံအလုပ်များကဲ့သို့ ပါဝါအနိမ့်သုံးအလုပ်များကို အီး ကိုးနှင့်လုပ်သည်။ ယင်းမှာ ရှေ့မျိုးဆက်များနှင့် တော်တော်လေး ကွာခြားသွားသည့်အချက်ဖြစ်သည်။ အမြင့်ဆုံး အိုင်နိုင်းမိုဒယ်တွင် ပီကိုး ရှစ်ခု၊ အီးကိုး ရှစ်ခု၊ သရက်ဒ် ၂၄ ခု ပါဝင်ရာ ဂိမ်းကစားရန် အကောင်းဆုံးမိုဒယ်ဖြစ်သည်။ အနိမ့်ဆုံး အိုင်သရီး မိုဒယ်တွင်မူ ပီကိုးလေးခုသာပါပြီး အီးကိုးမပါဝင်ပေ။ သရက်ဒ်ရှစ်ခုပါဝင်သည်။

ထို့ကြောင့် ၂၁ ရာစု၏ တတိယ ဆယ်စုနှစ်စတင်ချိန်တွင် စီပီယူများသည် သိသိသာသာ ပြောင်းလဲလာပြီဖြစ်သည်ကို မြင်တွေ့နိုင်သည်။ ဟိုက်ဘရစ်များဖြစ်လာသည်။ အေအိုင်ကို ဦးတည်လာကြသည်။ ဝါသနာရှင်အဆင့် စမ်းသပ်နိုင်သော ဘုတ်များမှာပင် အေအိုင်ဘုတ်များ ပေါ်ထွက်လာသည်။ ယင်းကိုကြည့်လျှင် ရှေ့လျှောက် အေအိုင်၏ အရေးပါပုံကိုပါ တစ်ပါတည်း တွေ့မြင်ရမည်ဖြစ်သည်။

# အေအိုင်က အစားထိုးဝင်ရောက်မည့် အလုပ်များထဲတွင် စကားပြန်၊ ဘာသာပြန်၊ သမိုင်းပညာရှင်အလုပ်များ ထိပ်ဆုံးမှပါဝင်




မိုက်ခရိုဆော့ဖ်မှ သုတေသီများက အနာဂတ်တွင် အေအိုင်က အစားထိုး ဝင်ရောက်လာမည့် အလုပ် ၄၀ နှင့် အစားထိုးဝင်ရောက်ရန် ဖြစ်နိုင်ခြေ အနည်းဆုံးအလုပ် ၄၀ တို့ကို ရှာဖွေတင်ပြ ခဲ့ရာ အေအိုင်က အစားထိုနိုင်ခြေ အမြင့်ဆုံး အလုပ်များထဲတွင် စကားပြန်၊ ဘာသာပြန်နှင့် သမိုင်းပညာရှင်အလုပ်များ ထိပ်ဆုံးမှ ပါဝင်နေသည်ကို တွေ့ရသည်။

အေအိုင်က အစားထိုးဝင်ရောက်ရန် ၄၉ ရာခိုင်နှုန်းသေချာသည့် အလုပ်များမှာ စကားပြန်နှင့် ဘာသာပြန်အလုပ်များဖြစ်သည်။ သမိုင်းပညာရှင်အလုပ်သည် ၄၈ ရာခိုင်နှုန်းဖြင့် ဒုတိယလိုက်သည်။ ခရီးသည်ဝန်ဆောင်မှု လုပ်ငန်းများမှာ ၄၇ ရာခိုင်နှုန်းဖြင့် တတိယလိုက်ပြီး စားသုံးသူတို့နှင့် စကားပြောဆိုပြီး ဆက်ဆံရသည့် လုပ်ငန်းများသည်လည်း ၄၆ ရာခိုင်နှုန်းဖြင့် စတုတ္ထလိုက်သည်။

စာရေးဆရာများမှာ ၄၅ ရာခိုင်နှုန်းဖြင့် ပဉ္စမနေရာတွင်ရှိသည်။ စားသုံးသူ ဝန်ဆောင်မှု ကိုယ်စားလှယ်များမှာ ၄၄ ရာခိုင်နှုန်းဖြင့် ဆဋ္ဌမနေရာရထားသည်။ စီအင်န်စီ စက်ပရိုဂရမ်ရေးသူများသည်လည်း ၄၄ ရာခိုင်နှုန်း အစားထိုးခံရရန်ရှိနေသည်။ထို့နောက်တယ်လီဖုန်းအော်ပရေတာများက ၄၂ ရာခိုင်နှုန်း၊ လက်မှတ်အရောင်း အေးဂျင့်များနှင့် အသံလွှင့်သူများ၊ ရေဒီယို ဒီဂျေများက ၄၁ ရာခိုင်နှုန်း ရထားကြသည်။

သတင်းကောင်းမှာ သောင်ခုတ်စက် မောင်းသူများ၊ ရေလမ်းကြောင်း ထိန်းကျောင်းသူများ၊ ရေပေးဝေရေးစက်များကို မောင်းနှင်သူများကဲ့သို့ စက်မှုကျွမ်းကျင်လုပ်သားများမှာ အေအိုင်၏ အစားထိုးဝင်ရောက်ခံရရန် ရာခိုင်နှုန်း အနည်းဆုံးဖြစ်နေခြင်းပင်။

အေအိုင်ထောက်ခံသူများက အေအိုင်သည် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးမည်ဟု ပြောနေကြသည့်တိုင်း ယခုစာတမ်းကတော့ ထိုသို့မဟုတ်ဟု ပြောနေသည်။ ခရီးသည်ဝန်ဆောင်မှု လုပ်ငန်း၊ အရောင်းကိုယ်စားလှယ်များနှင့် စားသုံးသူ ဝန်ဆောင်မှုလုပ်ငန်းများမှာ အမေရိကန် ပြည်ထောင်စုတစ်ခုတည်းမှာပင် လက်ရှိဝန်ထမ်း လေးသန်းကျော် လုပ်ကိုင်နေသည့် လုပ်ငန်းနယ်ပယ်များဖြစ်သည်။ ထို့ကြောင့် အလုပ်လက်မဲ့များ တိုးပွားလာမည့်အရေးမှာ စိုးရိမ်စရာဖြစ်နေသည်။

စာတမ်းကို ဦးဆောင်ရေးသားခဲ့သည့် ဒေါက်တာတွမ်လင်ဆင်နှင့် သူ့အဖွဲ့ကတော့ “ဥပမာအားဖြင့် အေအိုင်က ဆော့ဖ်ဝဲရေးတဲ့ သူတွေကို ၅၀ ရာခိုင်နှုန်းပိုပြီးတိုးတက်အောင် လုပ်ပေးနိုင်တယ်ဆိုရင် ကုမ္ပဏီတွေက ဆော့ဖ်ဝဲများများ ပိုထွက်ဖို့ဆိုပြီး ဆော့ဖ်ဝဲရေးသူတွေ ပိုခန့်မလား၊ ဒါမှမဟုတ် ကုန်ကျစရိတ် ပိုနည်းအောင်ဆိုပြီး ဆော့ဖ်ဝဲရေးသူတွေကို လျှော့ချလိုက်မလား စဉ်းစားကြည့်ကြပေါ့”ဟု ဆိုသည်။

မိုက်ခရိုဆော့ဖ်၏ စီအီးအိုဟောင်း ဘီလ်ဂိတ်ကပင်လျှင် အေအိုင်သည် အလုပ်လက်မဲ့များစွာ ပေါ်ထွက်လာနေနိုင်သည့် အနေအထားတစ်ရပ်ရှိကြောင်း ယခင်ကတည်းက သတိပေးခဲ့ဖူးသည်။

**Ref: DailyMail**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Grade 10**

(ယခင်တစ်ပတ်မှအဆက်)

**Unit 2 Literature**

**I. Complete the sentences with the appropriate words. The initial letters are given.**

1. Unlike poetry, p_________ does not follow a strict rhyme or rhythm.
2. William Shakespeare made a great contribution to English l_________.
3. The firefighter's h_________ actions saved many lives.
4. He is a p__________ scientist in the field of medicine.
5. She enjoys writing s__________ about nature and love.
6. I love reading b__________ of famous historical figures.
7. P__________ can be written in different styles and forms.
8. Jane Austen's Pride and Prejudice is a famous n_________.
9. The word "banana" has three s_________.
10. Many English words come from L_________.
11. This novel may well become a c_________.
12. A l_________ is a funny five-line poem.
13. The movie was so h__________ that we couldn't stop laughing.
14. The poet wrote a long poem with five s_________.
15. I followed a r__________ to bake a chocolate cake.

**II.Choose the appropriate words or phrases to complete the sentence.**

1. This is the park __________ we used to play as children.
 (A) who (B) which (C) where
2. I love this movie, ___________ is based on a true story.
 (A) who (B) which (C) where
3. Novels and short stories are examples of _________.
 (A) prose (B) drama (C) poetry
4. The play was a __________, and everyone laughed throughout the show.
 (A) tragedy (B) comedy (C) tragicomedy
5. Being __________ means you can read and write.
 (A) literate (B) literature (C) lecture
6. This is the village __________ my parents were born.
 (A) which (B) where (C) who
7. The poem has a perfect __________ at the end of each line.
 (A) rhyme (B) rhythm (C) rhyming
8. The magazine is looking for freelance _________.
 (A) authors (B) writers (C) authoress
9. A friendship built on trust and respect can be __________ and last a lifetime.
 (A) endurance (B) endure (C) enduring
10. The ________ of the empire was caused by internal conflict.
 (A) downfall (B) success (C) death
11. It was a _________ to meet you.
 (A) pleasure (B) pleasurable (C) pleasant
12. I enjoy learning about different ________ around the world.
 (A) cultural (B) cultures (C) cultivate
13. The comedian's jokes were _________ and kept everyone laughing.
 (A) amusement (B) amusing (C) amused
14. The _________ performance left the audience in tears.
 (A) comedy (B) classic (C) drama
15. The plant is __________ because of the lack of sunlight.
 (A) dead (B) death (C) dying

**III. Rewrite the sentence according to the instruction given in brackets.**

(1) If U Sein did not cut down the tree, his son did. **(Join, using 'either ... or'.)**
(2) Listen! Someone ______ (knock) on the door. **(Complete the sentence, using the correct tense of the verb in brackets.)**
(3) They have invited us to the party. **(Change the sentence into the passive voice.)**
(4) The firefighters rescued the people from the burning building. **(Change the sentence into the passive voice.)**
(5) Daw Hnin Si is a well-trained teacher. She is good at teaching. **(Join, using nouns in apposition.)**
(6) People speak English all over the world. **(Change the sentence into the passive voice.)**
(7) The restaurant doesn't serve breakfast. It doesn't serve lunch. **(Join, using neither ... nor.)**
(8) She usually ______ (wake) up early, but today she ______ (sleep) late. **(Complete the sentence, using the correct tense of the verb in brackets.)**
(9) Nandar said to me, "Have you ever been to London?" **(Change the sentence into the reported speech.)**
(10) Jackie Chan is known for his action movies. He is my favourite actor. **(Join, using nouns in apposition.)** Jackie Chan, my favourite actor, is known for his action movies.
(11) We couldn't find the key. We couldn't open the door. **(Join two sentences, using 'neither...nor'.)**
(12) They ______ (plan) a trip to the beach this weekend. **(Complete the sentence, using the correct tense of the verb in brackets.)**
(13) The nurse took care of the patient. **(Change the sentence into the passive voice)**
(14) The baby ______ (cry) loudly right now. **(Complete the sentence with the correct tense of the verb given in brackets.)**
(15) Su Myat said to Thinzar, "Please, help me with this." **(Change the sentence into the reported speech.)**

**************************

**Grade 11**

(ယခင်တစ်ပတ်မှအဆက်)

**Unit 1 THE AYEYARWADY DOLPHINS**

**VI.Read the passage. (Unseen)**

Plastic **pollution** in water is a serious environmental problem. Millions of tons of plastic waste end up in rivers, lakes, and oceans every year. Many **marine** animals mistake plastic for food and suffer from serious health problems. Some get trapped in plastic waste, which leads to injury or death. Microplastics, tiny plastic **particles**, are also dangerous as they enter the food chain and affect both wildlife and humans.

Pollution from plastics comes from many sources, including plastic bags, bottles, and fishing nets. Human activities, such as improper waste disposal and **excessive** use of single-use plastics, worsen the situation. Governments and environmental groups are working to reduce plastic pollution by promoting recycling and banning plastic products. People can also help by using **reusable** bags, avoiding plastic straws, and properly disposing of plastic waste. Protecting water from plastic pollution is important for the health of the planet and future generations.

**(A) Find the bold-faced words in the passage that are similar in meaning to the following. There are two extra bold-faced words in the text.**

1. immoderate, too much, enormous, extreme 1. _______________
2. a small piece of anything 2. _______________
3. capable of being used again 3. _______________
4. unwanted, harmful stuff contaminating an environment. 4. _______________
5. of or relating to the sea 5. _______________

**(B) Answer the question in one sentence.**

(6) What is plastic pollution in water?
(7) Why is plastic pollution harmful to marine animals?
(8) What are microplastics?
(9) Where does plastic pollution in water come from?
(10) How can people help reduce plastic pollution?

**VII. (A) Complete the dialogue with the expressions given in the box. There is an extra.**

| |
|---|
| protecting our planet's biodiversity |
| the importance of wildlife conservation |
| some of the biggest threats to wildlife |
| endangered species and their habitats |
| conservation efforts |
| How can we do it? |

**Khin Khin:** Have you heard about _____(1)_____?
**Nilar:** Yes, it's crucial to protect _____(2)_____.
**Khin Khin:** Absolutely! Without _____(3)_____, many animals could disappear forever.
**Nilar:** I agree. Deforestation and pollution are _____(4)_____.
**Khin Khin:** That's why supporting wildlife reserves and eco-friendly practices is so important.
**Nilar:** I try to avoid products that harm the environment, like those made from endangered animals.
**Khin Khin:** Me too! It's also great to donate to wildlife charities.
**Nilar:** Together, we can make a real difference in _____(5)_____.

**(B) Complete the exchange using the expressions given in the box. There is an extra.**

| |
|---|
| technology is making our lives easier |
| because it's more convenient |
| take action to protect the planet |
| I try to eat lots of vegetables and fruits |
| I miss interacting with classmates |
| I enjoy playing soccer and listening to music |

6. **A:** Do you usually eat healthy?
 **B:** Yes, ______________.
7. **A:** Do you think ______________?
 **B:** Definitely! It helps us connect and get things done faster.
8. **A:** What do you think about climate change?
 **B:** It's a huge issue. We need to ___________.
9. **A:** How do you feel about online learning?
 **B:** I think it's convenient, but __________.
10. **A:** I like shopping in stores so I can try things on.
 **B:** I prefer shopping online ___________.

**Answers**

**Unit 1 THE AYEYARWADY DOLPHINS**

**V.(3)(A)** (1) 15 members (2) out of the water (3) mutual relationship (4) are driven (5) A share of the fish

**(B)** (6) Ayeyarwady dolphins generally group 3 to 6 members.
(7) Ayeyarwady dolphins produce sound such as whistles, clicks and screeches to communicate with one another.
(8) Ayeyarwady dolphins usually jump, make bubbles, hit the water with their flippers and tails and squirt streams of water that can reach up to 1.5 metres above the surface of the water.
(9) The local fishermen make a tapping sound against the sides of their boats to call the dolphins.
(10) The fishermen tried to get the attention of the dolphins by striking the sides of their boats with their wooden sticks, by splashing the surface of the water with their oars and by giving their nets several rapid tugs.

**V.(4)(A)** (1) extinction (2) Yearly (3) to protect (4) sanctuary (5) local fishermen

**(B)** (6) Ayeyarwady dolphins are now listed as a critically endangered species.
(7) The causes of the decline of dolphin population are getting entangled in the fishing nets, electrofishing and the use of gillnets and explosives.
(8) Dolphins can be safe at the region in the Ayeyarwady river between Mingun and Kyaukmyaung in Myanmar.
(9) The catching or killing of dolphins is prohibited by the Department of Fasheires.
(10) Using electrofishing, gillnets and explosives is not allowed because it leads to a steady decline of the population of Ayeyarwady dolphins.

**************************

စာမျက်နှာ ၂၁ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

Grade 12

## Unit 2 KEY TO HAPPINESS

(ယခင်တစ်ပတ်မှအဆက်)

**V.(2) Read the passage.**

**2. Love your work and enjoy what you are doing**

Some people feel passionate about their work and love what they are doing. In fact, job satisfaction and career success are important factors for your happiness. For example, you tend to achieve happiness when you can accomplish the tasks you have undertaken or when you become prosperous while doing the work you enjoy.

**3. Be kind and help others**

Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place. According to studies by psychologists in different countries, when you help other people, it is not only good for them, it also makes you feel happier. A new survey has also revealed that generous people are happier and healthier than those who are not. The idea is that generosity gives them a nice, warm feeling when people say 'thank you' and show appreciation.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) To be happy, what someone is doing should ------.
(2) -------- can make you feel happy.
(3) Someone becoming prosperous while doing the work -------- tends to achieve happiness.
(4) If you -------- treat everyone, you will achieve happiness.
(5) --------- may have a nice, warm feeling when others say 'thank you'.

**(B) Answer each question in one sentence. (5 marks)**

(6) Why do people who passionately love their work feel happy?
(7) When do people loving what they are doing tend to achieve happiness?
(8) What can make the world become a happier place?
(9) Who are happier and healthier – generous people or stingy people?
(10) According to the passage, how can you achieve happiness?

**V.(3) Read the passage.**

**4. Don't be envious of other people**

The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc. in your school or workplace, you will find yourself around people who are doing much better than you are. In that case, if you try not to judge yourself against other people, you will certainly be happier. People who are envious of others are more likely to experience negative emotions such as inferiority, dejection and depression. The best thing you should do is try to replace envy with such positive emotions as sympathy or empathetic joy.

**5. Have better physical and mental health**

Good health also is vital for happiness. It is undeniable that healthy people are happier than those who are not. To achieve true happiness, you must be fit, both physically and mentally a happy person has better physical and mental health. It is widely known that your mind and body are closely connected you feel stressed out, you are likely to experience fatigue a muscle tension. Similarly, if you feel happy and calm, you are likely to have more mental energy and more physical vitality.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Other people's qualities, possessions, opportunities -------- by people who are envious of others.
(2) You may not be as -------- as people around you in school or workplace.
(3) Envy may let us feel --------.
(4) Good health can give people --------.
(5) If someone feels stressed out, -------- will be experienced.

**(B) Answer each question in one sentence. (5 marks)**

(6) What can barricade people to achieve happiness?
(7) How should you try to replace envy?
(8) What are people who are envious of others likely to experience?
(9) Why must a person be fit, both physically and mentally?
(10) In which condition are you likely to have more mental energy and more physical vitality?

**V.(4) Read the passage.**

**6. Have a feeling of contentment**

Contentment is the key to happiness – people who accept what they have are happier than people who crave for more career success and money. A recent survey shows that the simplest things in life are the most important for you. You tend to be happy with simple things, like a walk in a park, a beautiful sunset and an evening with a friend. It is true that people need to have a reasonable amount of material possessions, but wanting more than what is necessary breeds greed and frustration.

**7. Get rich**

Most people believe that money is the best way to find happiness. Of course, a person needs money to some extent in order to live comfortably. Rice people often consider that they are happy as they can buy expensive houses, new cars, big yachts and designer clothes. However, some people think happiness does not depend on money. Nevertheless, we can see many people trying to get rich in every possible way in the hope of achieving happiness in life.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) -------- can give people happiness.
(2) People who crave for more career success and money are not as -------- as people who are content.
(3) It is -------- that is truely necessary for people.
(4) It --------that money is the best way to find happiness.
(5) A person needs money to some extent for a ------- life.

**(B) Answer each question in one sentence. (5 marks)**

(6) What are people who feel discontented with what they have called?
(7) Why are the simplest things in life the most important for us?
(8) How can there be greed and frustration?
(9) Why do rich people often consider that they are happy?
(10) How are many people trying to get rich?

**Answers**

**Unit 2 KEY TO HAPPINESS**

I. 1. stressful 2. Pensioners 3. generosity 4. Depression 5. frustration 6. contentment 7. envious 8. barrier 9. befriend 10. passionate 11. prosperous 12. meditation 13. disappointing 14. mental 15. sympathize 16. mindful 17. desperate 18. reduction 19. accomplishments 20. satisfaction

II. 1. (B) about 2. (A) satisfactory 3. (B) enjoyment 4. (C) accomplish 5. (C) sympathy 6. (A) Generous 7. (C) appreciate 8. (B) encounter 9. (A) psychology 10. (C) connectors 11. (A) mustn't 12. (A) concept 13. (C) excitement 14. (B) with 15. (A) about 16. (B) whom 17. (B) which 18. (B) whose 19. (C) whose 20. (C) stressed

III. 1. Seismologists whose equipment measures the smallest vibration on the surface of the earth observe earthquakes. 2. When can we see the manager whom we met in the office a few days ago? 3. Everybody should eat fruits and vegetables which can give minerals, vitamins and fibre. 4. Snow returned my exercise book which she borrowed yesterday. 5. Some students who have no command over themselves are likely to face difficulties in the examination. 6. After being washed properly, clothes were ironed. 7. It was said that there is nothing they can do. 8. Neither Nay Nay nor her sisters kept a sabbath during Thingyan festival. 9. It is not as hot today as it was yesterday. 10. The poetess wrote her poem clearly enough for us to understand every line in the verse. 11. Not only did he forget my birthday, but he also didn't apologize afterward. 12. She introduced me to her brother, **whom** I had never met before. 13. She went out with her friends **after** she finished/ had finished her homework. 14. She completed the project without being helped. 15. It was **such** a fantastic concert **that** it was filled with energetic performances. 16. It was the teacher **who** gave us an interesting lesson and explained the topic clearly. 17. He didn't see the message **without** checking his phone. 18. Not only did the storm cause severe damage, but it also brought heavy rain and flooding. 19. She **neither** attended the meeting **nor** replied to any emails. 20. The harder she studies, **the better** she performs on exams.

IV. (A) 1. Find how airplanes fly 2. All the dogs 3. Everything that books can bring 4. When adventure calls 5. The wonderment of books

(B) 1. People practice meditation to reduce stress. 2. According to the Meriam-Webster Dictionary (2016), 'happiness' means 'a state of well-being and contentment'. 3. Most people believe that money is the best way to find happiness. 4. The biggest barrier to happiness is envy. 5. Many people are trying to get rich in every possible way in the hope of achieving happiness in life. 6. We should respond very positively to everything that happens to find happiness. 7. Meditation gives us a sense of inner peace and well-being. 8. Generous people are happier and healthier than those who are not because generosity gives them a nice, warm feeling when people say 'thank you' and show appreciation. 9. The best thing we should do when we are envious of others is try to replace envy with such positive emotions as sympathy or sympathetic joy. 10. Contentment is the key to happiness in life because people who accept that they have are happier than people who crave for more career success and money. 11. The steps of practicing meditation are (1) choose a calm, peaceful place where you won't be disturbed (2) Sit in a relaxed position, either on a chair or on the floor, with your back straight (3) Pay attention to your breath as you inhale and exhale slowly. 12. People need to reduce work-related stress because it leads to severe diseases such as diabetes and heart disease. 13. These lines mean that the library the poetess described is made of stone, glass, marble, iron, and concrete.

V.(1) (A) (1) the Meriam – webster Dictionary (2) relaxed and happy (3) Happy (4) suggestion (5) enjoyable

(B) (6) People are likely to be relaxed and happy when they are in a peaceful state of mind or when they have no stressful factors to think about. (7) Happiness psychologically means a better quality of life. (8) According to scientists, people can achieve happiness by having a good relationship with friends and family. (9) Having large families and lots of close friends can make people feel happier than living on their own. (10) I should hang out with friends or spend time with my family because sometimes I may not be in a good mood or may feel depressed.

**************************

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမှတ်(၈)ရပ်ကွက် ရုံးသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဦးပုညလမ်း အမှတ်(၈)ရပ်ကွက်ရုံး၌ ကျင်းပသည်။

အဆိုပါ ရုံးသစ်ဖွင့်ပွဲကျင်းပရာတွင် အမှတ်(၈)ရပ်ကွက် သံသရာအေး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော်ဒေါက်တာ အရှင်ဝါသဝနှင့် သံဃာတော် အရှင်သူမြတ်များက ရုံးအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် အန္တရာယ် ကင်းပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက် အမှတ်(၈)ရပ်ကွက် ရုံးသစ်ဖွင့်ပွဲသို့ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအတွင်း တာဝန်ရှိသူများ တက်ရောက်ကြပြီး အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက စုပေါင်း၍ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာသည့် ပြည်သူများကိုလည်း ထမင်း၊ ဟင်းများဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက် UID ကတ်ပြုလုပ်ပေး

တာချီလိတ် ဩဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက်ကွင်းဆင်း၍ Biometric Data ကောက်ယူပြီး UID ကတ်ပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဆေခမ်းရပ်ကွက်နေ နိုင်ငံ့ဝန်ထမ်းစစ်မှုထမ်းအငြိမ်းစားတစ်ဦးအား အိမ်တိုင်ရာရောက်ကွင်းဆင်း၍ UID ကတ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**UID ကတ်ပြုလုပ်ပေး**

တာချီလိတ်မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့်ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက် ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား Biometric Data ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၅၀၄ ဦးအား One stop Service ဖြင့် UID ကတ်ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)



**"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"**

**သင့်သွေးဖြင့် အသက်ကယ်ပါ**


## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၊ မြေကွက်အမှတ်-၁၇၃၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၇၃၊ အင်း၀(၄)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းဦး[၁၂/ရကန(နိုင်)၀၂၈၉၃၃]နှင့် ဒေါ်သီတာခင်[၁၂/ရကန(နိုင်)၀၄၈၄၉၅]တို့ (၂)ဦး အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ပိုင်ရှင်များထံမှ အဆိုပါမြေကွက်အား (၁၆-၈-၂၀၂၃) ရက်စွဲပါ စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူများဖြစ်ကြသည့် ဦးပြည့်ဖြိုးအောင်[၁၁/ကဖန(နိုင်)၀၆၈၄၁၃]နှင့် ဒေါ်နှင်းအိခိုင်[၆/ကသန(နိုင်)၀၆၁၇၀၈]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက် လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၆/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၅၂၅၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနတွင် ဦးချစ်[၁၂/လမန(နိုင်)၀၁၁၂၂၆]အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်ကြီးအနက် **တရားဝင် မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ (မြေကွက်အမှတ်-၅၂၄နှင့် ကပ်လျက်) ခေါင်းရင်းဘက်ခြမ်း၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ အမှတ်-၅၂၅၊ တောင်ငူလမ်း၊ (၁၆)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား** အမည်ပေါက်ပိုင်ရှင် ဖခင် ဦးချစ် ကွယ်လွန်ခဲ့ရာ အမွေဆက်ခံပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ သား၊ သမီးများဖြစ်ကြသည့် ၁။ဒေါ်မြင့်မြင့်သွင်[၁၂/လမန(နိုင်)၀၃၃၃၃၃]၊ ၂။ဒေါ်လွှင်လွှင်မြင့်[၅/ငဇန(နိုင်)၀၀၆၈၄၉]၊ ၃။ဒေါ်သန်းမြိုင်[၁၂/လမန(နိုင်)၀၁၁၂၂၂]၊ ၄။ဦးမင်းသန်း[၁၂/လမန(နိုင်)၀၃၃၄၁၀]၊ ၅။ဒေါ်ထွေးထွေးရီ[၅/ငဇန(နိုင်)၀၃၁၁၆၃]၊ ၆။ဒေါ်သီတာအေး[၁၂/ဥကမ(နိုင်)၁၇၂၁၂၈]တို့မှ မိမိတို့သာလျှင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အထက်ဖော်ပြပါ မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ယုဝတီ(၁)လမ်း၊ အိမ်အမှတ်(၄၇၂)၊ ဦးမြသန်း(EG-၀၈၇၂၇၇) အမည်ပေါက် နှစ်(၆၀)ဂရန်မှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော (၂၅x၆၀)ပေရှိ ဂရန်မူရင်း မြေကွက်နှင့်နေအိမ်မှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသော ဇနီးဖြစ်ပြီး ၎င်းမှလက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစား လျက်ရှိကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ ဒေါ်မြင့်မြင့်ခင်[၁၂/သဃက(နိုင်)၀၇၁၅၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုမြတ်စန္ဒီ[၁၂/မဂတ(နိုင်)၀၉၀၀၆၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည့်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမြတ်စန္ဒီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄/၆၊ ဦးပိုင်အမှတ်(၃-က)၊ ၃၀လမ်း၊ ၅၈x၅၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှလှဦး [၅/မရန(နိုင်)၀၄၆၇၀၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်-၁-က၊ ၈၈လမ်း၊ ၂၃x၂၄ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်ငြိမ်း[၉/မနတ(နိုင်)၀၃၃၃၆၂]က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်-၇၀၈၊ ဦးပိုင်အမှတ်(၃၂-က)၊ ၃၂x၃၃ကြား၊ ၇၃x၇၄လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့်ဦး[၉/မရမ(နိုင်)၀၀၇၇၅၁]၊ ဦးလှထွန်းဦး [၉/မရမ(နိုင်)၀၀၇၇၅၄]၊ ဒေါ်အေးနှင်းဦး[၉/မရမ(နိုင်)၀၀၇၇၅၃]၊ ဒေါ်သွယ်သွယ်ဦး [၉/မရမ(နိုင်)၀၀၄၈၉၉]တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၃)၊ ဦးပိုင်အမှတ်(၃၀+၃၁)၊ ၄၀(A)လမ်း၊ ၅၂နှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငါး ထုအိန် [၁/ကမန(နိုင်)၀၀၀၈၈၃]က အမှုတွဲအမှတ်(၁၆၉၉/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မင်းရဲကျော်စွာ(၈)လမ်း မြေကွက်အမှတ်(၉၁/ခ)၊ မြေအကျယ်အဝန်း (အလျား ၂၀ x အနံ ၆၀)ပေ၊ ၁၂၀၀-စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံး တို့အား အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးတင်ထွန်း[၁၂/ဥကတ(နိုင်) ၀၇၈၃၃၆] ထံသို့ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူသူရွှေရည်[၁၂/လကန(နိုင်)၁၇၈၆၇၀]မှ အပြီးအပိုင်ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက် လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါမြေကွက်အရောင်း အဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူသူရွှေရည်[၁၂/လကန(နိုင်) ၁၇၈၆၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၄၉၅၈၀)**
**အမှတ်(၁၂-အင်န်)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၄၂၈၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရှေ့တော်ပြေးရပ်ကွက်နေ ဦးအာကာမင်း [၉/မသန(နိုင်) ၁၅၃၈၂၂]၏ ဖခင်အမည်မှာ ဦးမျိုးသန့်နှင့် ဦးမျိုးညွန့် ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်အရှေ့ရပ်ကွက်နေ ဒေါ်ကေသီအောင်[၉/အမဇ(နိုင်)၀၃၆၈၇၄]၏ ဖခင် အမည်မှာ ဦးအစွပ်ကူးမားနှင့် ဦးအစွပ်ကူမား ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ (၄၆)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ်(၁၃၅၆)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်မြနုအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား SHIV KUMAR (ခ) ဦးနေဝင်းကို [၉/ခအဇ(ပြု)၀၀၀၄၅၄]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ကျော်ထွန်း[၁၂/ဥကမ(နိုင်)၁၆၄၉၁၇] နှင့် ဒေါ်အိအိသင်း[၁၂/ရပသ(နိုင်)၀၅၃၃၄၄]ကိုင်ဆောင်သူတို့မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ထွန်းနှင့် ဒေါ်အိအိသင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်စီမံကိန်း၊ လူနေရပ်ကွက်အမှတ်(ကံ့ကော်ရိပ်သာ-၂)၊ ကံ့ကော်ရိပ်သာ (၂) လမ်း၊ မြေကွက်အမှတ်(၁၂၂)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၈၃x၈၀) ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား ဦးရှီးရှီးချိန်(ခ)ဦးကျော်စိန်လင်း[၉/မရတ(နိုင်)၁၀၆၁၀၆] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်စံ [၁၃/တကန(နိုင်)၁၅၀၁၆၇]ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်စံ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

